## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
## (၁၄) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်နေ့
## (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၂၇၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၆၅.၈၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်းဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးတင်မောင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ဦးတင်မောင်ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ (၁၄-၂-၂၀၁၄) သောကြာနေ့ ခွင့်ပန်ကြားသူများကို ကျွန်တော် အစီရင်ခံအပ်ပါတယ်။ ယခင်ကခွင့်ပန်ကြားသူဦးရေ ၄၃ ဦးရှိ၍ ယနေ့ခွင့်ပန်ကြားသူဦးရေ ၁၀၁ ဦးရှိကြောင်း ပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ခွင့်ယူသူ ၁၀၁ ဦးမှာ-

(၁) လှိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၆ ရက်၊

(၂) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်၊

(၃) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

မူကြမ်း

(၄) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်၊

(၅) မြိတ်မဲဆန္ဒနယ်မှ ဦးငွေးမြင့် ခွင့် ၁ ရက်၊

(၆) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၁ ရက်၊

(၇) ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော် ခွင့် ၁ ရက်၊

(၈) ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွဲ့ ခွင့် ၁ ရက်၊

(၉) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၁ ရက်၊

(၁၀) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၁ ရက်၊

(၁၁) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ငွေး ခွင့် ၁ ရက်၊

(၁၂) ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့် ခွင့် ၁ ရက်၊

(၁၃) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၁ ရက်၊

(၁၄) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၁ ရက်၊

(၁၅) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၁၆) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၁ ရက်၊

(၁၇) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၁၈) ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်း ခွင့် ၁ ရက်၊

(၁၉) မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း ခွင့် ၁ ရက်၊

(၂၀) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၂၁) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဦး ခွင့် ၁ ရက်၊

(၂၂) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန် ခွင့် ၁ ရက်၊

(၂၃) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၂၄) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၁ ရက်၊

(၂၅) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်စင် ခွင့် ၁ ရက်၊

(၂၆) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၁ ရက်၊

(၂၇) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊

(၂၈) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၁ ရက်၊

(၂၉) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

**မှူကြမ်း**

(၃၀) ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၁ ရက်၊

(၃၁) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၃၂) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၁ ရက်၊

(၃၃) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၃၄) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၃၅) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၃၆) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း ခွင့် ၁ ရက်၊

(၃၇) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၃၈) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၁ ရက်၊

(၃၉) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၁ ရက်၊

(၄၀) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်၊

(၄၁) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးကျော်တင်ရွှေ ခွင့် ၁ ရက်၊

(၄၂) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁ ရက်၊

(၄၃) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၄၄) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၄၅) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၁ ရက်၊

(၄၆) ဒုတိယဗိုလ်မှူးကြီးမြတ်ခိုင် တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊

(၄၇) ဗိုလ်မှူးထိန်လင်း တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊

(၄၈) ဒုတိယဗိုလ်မှူးကြီးစိုးနိုင် တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊

(၄၉) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး အစည်းအဝေးပြီးဆုံးသည်အထိ၊

(၅၀) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၁ ရက်၊

(၅၁) သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၁ ရက်၊

(၅၂) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၅၃) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၁ ရက်၊

(၅၄) ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ် ခွင့် ၁ ရက်၊

(၅၅) ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်း ခွင့် ၁ ရက်၊

**မူကြမ်း**

(၅၆) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊

(၅၇) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၁ ရက်၊

(၅၈) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၁ ရက်၊

(၅၉) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၆၀) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁၅ ရက်၊

(၆၁) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၁ ရက်၊

(၆၂) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၆၃) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၆၄) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၁ ရက်၊

(၆၅) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၁ ရက်၊

(၆၆) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ရက်၊

(၆၇) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၁ ရက်၊

(၆၈) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၁ ရက်၊

(၆၉) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်၊

(၇၀) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၇၁) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၇၂) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းကျော်နီ ခွင့် ၁ ရက်၊

(၇၃) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၇၄) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၁ ရက်၊

(၇၅) ကော့သောင်းမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၇၆) မန်စီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၇၇) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင် ခွင့် ၁ ရက်၊

(၇၈) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၁ ရက်၊

(၇၉) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၁ ရက်၊

(၈၀) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၁ ရက်

(၈၁) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

**မှုကြမ်း**

(၈၂) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၈၃) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၁ ရက်၊

(၈၄) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၁ ရက်၊

(၈၅) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဋ္ဌေး ခွင့် ၁ ရက်၊

(၈၆) မဲ့စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း ခွင့် ၁ ရက်၊

(၈၇) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၁ ရက်၊

(၈၈) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၁ ရက်၊

(၈၉) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက်၊

(၉၀) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ ခွင့် ၁ ရက်၊

(၉၁) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၉၂) ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၁ ရက်၊

(၉၃) မတူပီမဲဆန္ဒနယ်မှ ဒေါက်တာရှိအုပ် ခွင့် ၁ ရက်၊

(၉၄) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၁ ရက်၊

(၉၅) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၉၆) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၉၇) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၉၈) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၁ ရက်၊

(၉၉) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ ခွင့် ၁ ရက်၊

(၁၀၀) ဖရူဆိုမဲဆန္ဒနယ်မှ ဦးအူးရယ် ခွင့် ၁ ရက်၊

(၁၀၁) ဒဂုံမြို့သစ်မဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင် ခွင့် ၁ ရက်။ အထက်ပါ ၁၀၁ ဦးအား ယနေ့ခွင့်ပန်ကြားအပ်ပါသည်။ ခွင့်ပြုပေးပါရန် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အားလုံးကိုခွင့်ပြုပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၃ ဦး ယနေ့ ခွင့်ပြုထားသူ ၁၀၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**စီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာဖြစ်သော ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများတင်ပြချက်ကို ပြည်သူများသို့ ထုတ်ပြန်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမောင်(မလှိုင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်သောဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် စီမံကိန်းဖွံ့ဖြိုးတိုးတက်မှု ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် ပတ်သက်လို့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ယခုအစိုးရလက်ထက်မှာ ယခင်အစိုးရများနည်းတူပဲ ဘဏ္ဍာနှစ်အလိုက်စီမံကိန်းများ ဆောင်ရွက်မှု၊ ဘဏ္ဍာငွေကြေးသုံးစွဲမှု၊ နှစ်အလိုက်ဘဏ္ဍာငွေရသုံးများကို လွှတ်တော်သို့ တင်ပြဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ကနေပြီးတော့ အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာကို ကန့်သတ်အဆင့်ဖြင့် ထုတ်ပြန်ကြောင်းလည်းကြားသိရပါတယ်။ ယခင်အစိုးရများလက်ထက်မှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှာ တပေါင်းတည်းဖြစ်သဖြင့် ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများတင်ပြချက်ကို အမှန်စာရင်း၊ ရွေ့ပြေးအမှန်စာရင်း၊ ယာယီစာရင်းတင်ပြချက်များနှင့်အတူ ပြုစုပြီးတော့ထုတ်ပြန်တာကို ကျွန်တော်တို့ လေ့လာမှတ်သားခဲ့ရဖူးပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်မှာ ယခင်အစိုးရများထုတ်ပြန်သကဲ့သို့ ဘဏ္ဍာ ရေး၊ စီးပွားရေး၊ လူမှုရေးတင်ပြချက်များကို ရှင်းလင်းလွယ်ကူတဲ့၊ ပြည်သူများအလွယ်တကူသိရှိနိုင်တဲ့ ပညာရပ်ဆိုင်ရာရေးသားချက်များမဟုတ်တဲ့ ပကတိအခြေအနေများကို ဖော်ပြတဲ့တင်ပြချက်များ နှစ်အလိုက်ထုတ်ပြန်ရန်ရှိ/မရှိ သိလိုပါတယ်။ ဒုတိယတစ်ချက်အနေနဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကပြုစုတဲ့ စီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာမှာ ယခင်အစိုးရများလက်ထက်က တင်ပြခဲ့တဲ့ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ တင်ပြချက်များအတိုင်း ခြုံငုံသုံးသပ်မှုရှိ/မရှိနှင့် သို့မဟုတ်ပါက ၎င်းထက်ပိုမိုပြည့်စုံစွာ တင်ပြထားတယ်လို့ယူဆပါက ကန့်သတ်အဆင့်မှပယ်ဖျက်ပြီးတော့ ပြည်သူများကို ယခင်ကကဲ့သို့ ထုတ်ပြန်ပေးနိုင်ခြင်းရှိ/မရှိ သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင့်။ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် မေးမြန်းတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်မ ဒေါ်လဲ့လဲ့သိန်းမှ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှုတွေကို ခေတ်အလိုက်၊ စနစ်အလိုက် ပြုစုတင်ပြခဲ့တဲ့အခါ မှာ ၁၉၆၂ ခုနှစ်ကစပြီးတော့ ၁၉၇၃-၁၉၇၄ ဘဏ္ဍာနှစ်အထိ ပြည်သူသို့ အစီရင်ခံစာအဖြစ်ပြုစုတင် ပြခဲ့ပါတယ်။ ၁၉၇၄-၁၉၇၅ ဘဏ္ဍာနှစ်ကနေပြီးတော့ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်အထိ ပြည်သူ့ လွှတ်တော်သို့ အစီရင်ခံစာအဖြစ် ပြုစုတင်ပြခဲ့ပါတယ်။ ၁၉၈၉-၁၉၉၀ ဘဏ္ဍာနှစ်ကနေပြီးတော့ ၂၀၁၀-၂၀၁၁

ဘဏ္ဍာနှစ်အထိ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများတင်ပြချက်အဖြစ် ပြောင်းလဲပြုစု တင်ပြခဲ့ပါတယ်။ ဒီနှစ်စဉ်စီမံကိန်း အစီရင်ခံစာတွေကို ၁၉၉၇-၁၉၉၈ ဘဏ္ဍာနှစ်အထိ စာပေဗိမာန်မှ တစ်ဆင့် ပြည်သူများကို ထုတ်ပြန်ဖြန့်ဖြူးရောင်းချခဲ့ပါတယ်။ နောက်ပိုင်းနှစ်တွေမှာတော့ ပြည်သူတွေကို ထုတ်ပြန်ခြင်းမရှိဘဲ ဌာနတွင်းအသုံးပြုဖို့အတွက်သာ ဆောင်ရွက်ခဲ့ပါတယ်။

ယခုအစိုးရလက်ထက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတင်ပြချက်အစီရင်ခံစာဟု ပြုစုခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပါတယ်။ ထို့နောက် ၂၀၁၂ ခုနှစ် နိုင်ဝင်ဘာလမှာ ကျင်းပခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို တင်ပြခဲ့တဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ မှတ်တမ်းတင်ထားရှိခဲ့ပါတယ်။ အဆိုပါအစီရင်ခံစာစာအုပ်ကို အများပြည်သူဝယ်ယူနိုင်ဖို့အတွက် ကျွန်မတို့ ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်မှတစ်ဆင့် ရောင်းချခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် အစီရင်ခံစာကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အစီရင်ခံစာတင်ပြစဉ်က လွှတ်တော်ကိုယ်စားလှယ်အချို့ရဲ့ ဆွေးနွေးချက်အရ အမည်ပြောင်းလဲပြီးတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာလို့ပြုစုပြီးတော့ ပြည်ထောင်စုအစိုးရ အဖွဲ့ကို ကျွန်မတို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ တင်ပြပါအစီရင်ခံစာမှာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမူဝါဒများ၊ ပြုပြင်ပြောင်းလဲမှုများ၊ မက်ခရိုစီးပွားရေးအခြေအနေ မြန်မာနိုင်ငံရဲ့ စီးပွားရေးနှင့် လူမှုရေးအခြေအနေ၊ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ရသုံးမှန်းခြေငွေစာရင်း၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများရဲ့ ဆောင်ရွက်နိုင်မှု၊ ကဏ္ဍစီမံကိန်းနှင့် ပြည်သူ့ဘဏ္ဍာရေး၊ ဒေသန္တရစီမံကိန်းများနှင့် ပြည်သူ့ဘဏ္ဍာရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ အထူးစီးပွားရေးဇုန်များနှင့် ဆောင်ရွက်မှုအခြေအနေ၊ ပြည်ပအကူအညီအထောက်အပံ့ရရှိမှု၊ ပြည်ပစီးပွားရေးဆက်ဆံမှုများနှင့် မြန်မာနိုင်ငံ၏ အလားအလာစသည်ဖြင့် အခန်းပေါင်း ၁၁ ခန်းဖြင့် နိုင်ငံတော်ရဲ့ ဖြစ်ပေါ်နေတဲ့ ပကတိအခြေအနေကို ခြုံငုံသုံးသပ်ဖော်ပြထားပါတယ်။ ပြည်ထောင်စုလွှတ်တော်ကို မှတ်တမ်းတင်နိုင်ပါရန် ကျွန်မတို့ တင်ပြမှာဖြစ်ပါတယ်။ အဲ့လိုတင်ပြပြီးတဲ့နောက် အများပြည်သူကို ဖြန့်ဖြူးထုတ်ပြန်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ပါ၍ နိုင်ငံတော်ရဲ့ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအကောင်အထည်ဖော်မှုတွေကို ထင်ဟပ်ဖော်ပြတဲ့ အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာများကို ဘဏ္ဍာနှစ်များ

အလိုက် ပြုစုတင်ပြပြီး ပြည်သူသို့ နှစ်စဉ်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကွန်ဟိန်းမြို့နယ်၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် လစာနှစ်ဆတိုးပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းဝါနု၊ ကွန်ဟိန်းမဲဆန္ဒနယ် ကိုယ်စား ဦးစိုင်းဘိုးအောင်၊ မူဆယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ဒေါ်နန်းဝါနု၊ ကွန်ဟိန်းမဲဆန္ဒနယ် (ကိုယ်စား) မေးခွန်းတစ်ခု မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်ဟာ လွိုင်လင်ခရိုင်၊ မြို့နဲ့ ၈၃ မိုင်၊ တောင်ကြီးနဲ့ ၁၃၅ မိုင်ကွာဝေးပါတယ်။ ကွန်ဟိန်းမြို့နယ်ဟာ ကာလိမြို့နယ်ခွဲအပါအဝင် ဝန်ထမ်းပေါင်း ပြန်တမ်းဝင် အရာရှိ ၁၂ ဦးနဲ့ အခြားအဆင့် ၄၆၈ ဦးရှိပါတယ်။ အဲ့ဒီဝန်ထမ်းများဟာ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ တာဝန်ကျရာဒေသမှာ တာဝန်ထမ်းဆောင်နေပါသော်လည်း စားသောက်စရိတ်စကကြီးမြင့်ခြင်း၊ နေထိုင်ရန်အိမ်ငှားရမ်းနေထိုင်ရခြင်း၊ လစာလုံလောက်မှုမရှိခြင်း စတဲ့ဒုက္ခများစွာ ရင်ဆိုင်နေရပါတယ်။ ဝန်ထမ်းများ အနေနဲ့ မိမိတို့ရဲ့အထက်အဆင့်ဆင့် အကြီးတို့ရဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေး တွေ့ဆုံပွဲများကို တစ်လလျှင် အနည်းဆုံး သုံးကြိမ်ခန့်သွားရောက်နေရတာကို တွေ့ရှိရပြီး အဆင့်တိုးမြှင့်စာမေးပွဲများ ကိုလည်း သွားရောက်ဖြေဆိုကြရပါတယ်။ ၎င်းတို့အနေနဲ့ ဌာနအလိုက် ခေါင်းစဉ် အလိုက်ချပေးထား တဲ့ငွေနဲ့ ထမ်းဆောင်ရတဲ့ ခရီးသွားစရိတ်များလုံလောက်မှုမရှိဘဲ မိမိလစာငွေအပြင် တခြားနေရာမှ ငွေချေးပြီးတော့ သွားလာနေရတာကို တွေ့မြင်နေရပါတယ်။ သူတို့ကိစ္စရပ်များကြောင့် အဂတိလိုက် စားမှု၊ လာဘ်ပေးလာဘ်ယူမှုများဖြစ်ပွားလာစေနိုင်ပါတယ်။ ကွန်ဟိန်းမြို့နယ်မှာ ကျေးရွာပေါင်း ၁၃၀ ကျော်ရှိပြီးတော့ လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲပါတယ်။ အဆိုပါရွာများကို မော်တော်ဆိုင်ကယ်၊ ထော်လာဂျီများဖြင့်သာ သွားလာနိုင်ပြီး အများစုကလမ်းလျှောက်သွားရပါတယ်။

ကွန်ဟိန်းမြို့နယ်သည် မဟာဗျူဟာလမ်းပေါ်မှာတည်ရှိနေသည်မှာမှန်ပေမယ့် အလွန်ကြမ်းတမ်းခက်ခဲသော၊ လမ်းပန်းဆက်သွယ်ရေးမကောင်းသော၊ လုံခြုံမှုမရှိသောဒေသမှာ တာဝန်ထမ်းဆောင်နေရတဲ့ ဝန်ထမ်းများကို ငဲ့ညှာပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကွန်ဟိန်းမြို့နယ်မှာ

တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းများအတွက် ဝေးလံခေါင်းပါး၍ ခက်ခဲသောဒေသအဖြစ် သတ်မှတ်၍ လစာနှစ်ဆတိုးပေးနိုင်ပါမည်လား၊ မပြုလုပ်ပေးနိုင်ဘူးဆိုပါက ဘာကြောင့်နှင့် ၎င်းတို့ရဲ့မလိုလောက်မှုများ ကိုမည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

[ဒေါ်နန်းဝါနု၊ ကွန်ဟိန်းမဲဆန္ဒနယ် ကိုယ်စား ဦးစိုင်းဘိုးအောင်၊ မူဆယ်မဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းဝါနုရဲ့ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော်ကဖြေကြားသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်က ဝေးလံခေါင်သီ လူမှုရေးခက်ခဲသောဒေသအဖြစ် သတ်မှတ်ရာမှာ မြို့နယ်၊ မြို့နယ်ခွဲကို အခြေခံပြီးတော့ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့အခြေအနေအခက်အခဲများအပေါ် ခြုံငုံသုံးသပ်ပြီး သတ်မှတ်ပေးခြင်း ဖြစ်ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်များ အတွင်းမှာရှိတဲ့ အချို့မြို့နယ်၊ မြို့နယ်ခွဲများမှာ လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ ဒေသဖွံ့ဖြိုးမှုနည်းပါးခြင်း၊ နိုင်ငံတော်ရဲ့အရေးပါတဲ့ဒေသထွက်ကုန်မရှိခြင်းတို့ကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားရေးအခက်အခဲများ ဖြစ်ပေါ်လျက်ရှိလို့ အဆိုပါဒေသများမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ဝန်ထမ်းများအား သက်သာချောင်ချိမှုကိုရှေးရှုပြီးတော့ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် လစာငွေအပြင် လစဉ်အပိုထောက်ပံ့ကြေး ၃၀၀၀၀ ကျပ်နှင့် လက်ရှိထုတ်ယူနေတဲ့ လစာနဲ့ညီမျှတဲ့ငွေကိုပါ ဒေသစရိတ်အဖြစ် ခံစားခွင့်ပြုပေးလျက်ရှိပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်များမှာရှိတဲ့ ဝေးလံခေါင်သီ လူမှုရေးခက်ခဲသောမြို့နယ်၊ မြို့နယ်ခွဲ ၈၇ ခုမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများကို နိုင်ငံတော်အနေဖြင့် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့

မှစတင်ပြီး လစာနှစ်ဆခံစားခွင့်ပြုကြောင်း ယခင်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၁၂) ဖြင့်လည်းကောင်း၊ ထပ်မံတင်ပြလာတဲ့ဒေသ ၂၂ ခုကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်ခံစားခွင့်ရှိကြောင်း အမိန့်ကြော်ငြာစာအမှတ်(၂၈၆/၂၀၁၃) ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်ကိုလည်း ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ ခံစားခွင့်ရှိကြောင်းကို အမိန့်ကြော်ငြာစာအမှတ် (၁၅၁၃/၂၀၁၃)ဖြင့်လည်းကောင်း စုစုပေါင်း ဒေသ ၁၁၀ ကို ဝေးလံခေါင်သီ၍ လုံခြုံရေးခက်ခဲသောဒေသများအဖြစ် လစာနှင့်ညီမျှတဲ့ငွေကို ဒေသစရိတ်အဖြစ် ခံစားခွင့်ရှိကြောင်း အသီးသီးသတ်မှတ်ပေးထားခဲ့ပါတယ်။ အဆိုပါ ခွင့်ပြုခဲ့သောဒေသ ၁၁၀ တွင်ရှမ်းပြည်နယ်မှ မြို့နယ် ၂၁ မြို့နယ်နှင့် မြို့နယ်ခွဲ ၁၃ မြို့နယ်ခွဲ စုစုပေါင်း ၃၄ ခုပါဝင်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဒါ့အပြင် တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် မိမိတို့ရဲ့ဒေသအတွင်းမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်သီ၍ ဖွံ့ဖြိုးရေးနိမ့်ကျနေတဲ့အတွက် လုံခြုံရေးခက်ခဲသောဒေသအဖြစ် သတ်မှတ်သင့်တဲ့ဒေသများရှိပါက အကျိုးအကြောင်းဖော်ပြချက်၊ သုံးသပ်ချက်များဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်များနဲ့အတူ ပြန်လည်တင်ပြရန် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အကြောင်းကြားချက်အရ ၂၀၁၃ ခုနှစ်၊ ဇူလိုင် ၂၉ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၃)အရ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မိုးနဲမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ နမ္မတူမြို့နယ်နဲ့ နမ့်စန်မြို့နယ်ပါ မြို့နယ် လေးခုနှင့် အင်တောမြို့နယ်ခွဲ၊ မန်ဟီးရိုးမြို့နယ်ခွဲ၊ တာမိုးညဲမြို့နယ်ခွဲ၊ မိုင်းလုံမြို့နယ်ခွဲ၊ မိုင်းငေါ့မြို့နယ်ခွဲနဲ့ ကျိုင်းလပ်မြို့နယ်ခွဲပါ မြို့နယ်ခွဲခြောက်ခုတို့မှာ လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး ဝေးလံခေါင်သီ၍ ဖွံ့ဖြိုးမှုနိမ့်ကျနေသဖြင့် လုံခြုံရေးခက်ခဲသောဒေသအဖြစ် သတ်မှတ်ပေးရန် ဆုံးဖြတ်တင်ပြခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကွန်ဟိန်းမြို့အား ဝေးလံခေါင်သီတဲ့ဒေသအဖြစ် ထပ်မံဖြည့်သွင်းသတ်မှတ်ပေးရန် တင်ပြခဲ့ခြင်းမရှိခဲ့ကြောင်းကိုလည်း စိစစ်တွေ့ရှိရပါတယ်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်စွဲပါ စာအမှတ်၊ (၂၈၆/၂၀၁၃)ဖြင့် ဒေသစရိတ်ခံစားခွင့်ရှိတဲ့ မြို့နယ်များနဲ့ ဒေသစရိတ်နှုန်းထားများ သတ်မှတ်စဉ်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ သတ်မှတ်ခဲ့ခြင်း ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများ တာဝန်အရ ခရီးသွားလာခြင်းများအတွက် ခရီးစရိတ်များခံစားခွင့်ပြုခြင်းနှင့် ပတ်သက်၍ လက်ရှိဒေသန္တရနှုန်းထားများအတိုင်း အမှန်ကုန်ကျသည့်စရိတ်များကို ခွင့်ပြုပေးလျက်ရှိ

ပါတယ်။ ဒါ့အပြင် ခရီးသွားနေ့တွက်စရိတ်များကိုလည်း တာဝန်ကျရာဌာနချုပ်မှ ထွက်ခွာတဲ့ နေ့တစ်နေ့စီအတွက် တူညီသောနှုန်းထားများဖြင့် ခွင့်ပြုထားကြောင်း စိစစ်တွေ့ရှိရပါတယ်။

ခရီးသွားနေ့တွက်စရိတ်နှုန်းထားများကိုလည်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက် ရက်စွဲပါစာအမှတ်၊ (၅၄၈/၂၀၁၃) ဖြင့် တစ်ရက်လျှင် ၁၇၀၀ ကျပ်နှုန်းသို့ တိုးမြှင့်ခွင့်ပြုပေးလျက်ရှိပါတယ်။ နေ့တွက်စရိတ်ကိုလည်း ခရီးသွားစဉ် အပိုကုန်ကျသောစရိတ်များကို ကာမိစေရန် ရည်ရွယ်ခွင့်ပြုထားကြောင်းလည်း တွေ့ရပါတယ်။ ဒါ့အပြင် ခရီးသွားစဉ် ကြုံကြိုက်တဲ့ စနေနေ့၊ တနင်္ဂနွေနေ့နဲ့ အခြားရုံးပိတ်ရက်များမှာလည်း ခရီးစရိတ်၊ နေ့တွက်စရိတ်ထုတ်ယူခွင့်ရှိကြောင်းနှင့် ခရီးသွားလာနေစဉ်အတွင်း ဖျားနာခြင်း၊ ရေကြီးခြင်း၊ မိုးကြီးခြင်းတို့ကြောင့် ရပ်နားရတဲ့ နေ့များအတွက်လည်း ကြီးကြပ်သူအရာရှိများကလည်း သဘောတူပါက ထုတ်ယူခွင့်ရှိကြောင်းလည်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ကွန်ဟိန်းမြို့ကို ဝေးလံခေါင်သီ၍ ခက်ခဲသောဒေသအဖြစ်သတ်မှတ်ပြီး လစာနှစ်ဆတိုးပေးရန် လတ်တလောအခြေအနေတွင် အစီအစဉ်မရှိသေးပါကြောင်းနှင့် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသအဖြစ်သတ်မှတ်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က ထောက်ခံတင်ပြလာပါက ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်တင်ပြ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ လစာငွေမလုံ လောက်မှုနှင့်ပတ်သက်၍ နိုင်ငံတော်မှ အပိုထောက်ပံ့ကြေးငွေ ၃၀၀၀၀ ကျပ်နှုန်း ခံစားခွင့်ပြုခဲ့ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ သတ်မှတ်ထားသည့်တာဝန်ဖြင့် ခရီးသွားလာခြင်းအတွက် ခရီးသွား နေ့တွက်စရိတ်ခံစားခွင့်ပြုထားခြင်းနှင့် ခရီးစရိတ်အား လက်ရှိဒေသန္တရနှုန်းထားများအတိုင်း အမှန်ကုန်ကျစရိတ်များကိုလည်း ခွင့်ပြုပေးလျက်ရှိပါသဖြင့် ထပ်မံဖြည့်ဆည်းပေးရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ထိုင်းနိုင်ငံတွင် အကျဉ်းကျခံနေရသူ မြန်မာနိုင်ငံ အကျဉ်းသားများနှင့် မြန်မာနိုင်ငံအကျဉ်းထောင်များတွင်အကျဉ်းကျနေသည့် ထိုင်းနိုင်ငံအကျဉ်းသားများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်မဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် အဋ္ဌမအကြိမ်တုန်းကမေးခဲ့တဲ့ ထိုင်းနိုင်ငံ အကျဉ်းကျနေတဲ့ မြန်မာအကျဉ်းသားတွေနဲ့ပတ်သက်ပြီးတော့ အခု နဝမအကြိမ်မှာ ပြည်ထဲရေးဌာနက ထပ်မံရှင်းလင်းဖြေကြားပေးမယ်ဆိုတဲ့အတွက် ကျေးဇူးတင်ကြောင်း ဦးစွာပြောပါရစေ။ ဘာကြောင့် ကျွန်တော် ကျေးဇူးတင်ကြောင်းပြောရသလဲဆိုရင် ဒီ ဘန်ကောက်မှာရှိတဲ့ **ဂေါက်ဖင်း** အကျဉ်းထောင် ကနေ ဗမာအကျဉ်းသားတွေဟာ ဒီဇင်ဘာလ ၂၅ ရက်နေ့ ၂၀၁၃ နေ့စွဲဖြင့် ကျွန်တော့်ကို သူတို့ စာပေး ပို့လာပါတယ်။ အဲ့ဒီအထဲမှာ ကြေညာချက်နှင့်ပတ်သက်လို့ရှိရင်လည်း ပြည်တွင်းပြည်ပအဖွဲ့အစည်း များ အထူးသဖြင့် ထိုင်းနိုင်ငံမြန်မာသံရုံးနှင့်ပတ်သက်ပြီးတော့ကိုလည်း ပေးပို့ထားပါတယ်။ အဲ့ဒီတော့ ဒီမှာ ထိုင်းနိုင်ငံရောက် မြန်မာအကျဉ်းသားတွေရေးလာတာကတော့ ဒီလွှတ်တော်မှာ ထိုင်းအကျဉ်း သားတွေ ကျွန်တော်တို့ လွှတ်တော်က ဆောင်ရွက်ပေးတဲ့အတွက် သူတို့တွေအများကြီး မျှော်လင့်ချက် ထားလာပါတယ်။ ဒါကလည်း ကျွန်တော်တို့ အခြေခံဥပဒေပုဒ်မ ၃၈၀ မှာ နိုင်ငံခြားရောက်တဲ့သူတွေ လည်း နိုင်ငံတော်ရဲ့အကာအကွယ်ကို ရယူနိုင်တယ်ဆိုတဲ့ အခြေခံဥပဒေပြဋ္ဌာန်းချက် အသက်ဝင်လာ တဲ့အတွက်လည်း ဒါ သူတို့ အများကြီးအားတက်မိတယ်ဆိုတဲ့အကြောင်း အဲ့ဒီတော့ ဒီမှာ သီးသန့်တင်ပြ လိုတာက လွှတ်တော်မှာ ဝန်ကြီး၊ ပြည်ထဲရေးကရော၊ နိုင်ငံခြားရေးရုံးကရော ဖြေကြားချက်တွေက ထိုင်းမှာရှိတဲ့ မြန်မာသံရုံးကို အခြေခံပါတယ်။ မြန်မာသံရုံးက အခြေအနေမှန်နဲ့လွဲပြီးတော့ ပေးတဲ့ Report ပေါ်မှာ ဒုတိယဝန်ကြီးများက လွှတ်တော်မှာဖြေတဲ့အတွက် တကယ့်အချက်အလက်တွေ မြေပြင်နဲ့ကွဲလွဲ နေတဲ့အကြောင်း သူတို့ထောက်ပြပါတယ်။ အဲ့ဒီတော့ ဒီမှာ သူတို့ အဓိကတင်ပြထားတဲ့ အချက်က ဒီ လွှတ်တော်မှာဖြေတဲ့အတိုင်းမရတဲ့အပြင် ဗမာအကျဉ်းသားတွေဟာ အလုပ်လုပ်တဲ့အခါ မှာလည်း ခွဲခြားဆက်ဆံခံရတယ်။ ဒီပညာရေးနဲ့ပတ်သက်ပြီး လေ့လာတဲ့အခါမှာလည်း ထိုင်းအကျဉ်း သားတွေလိုအခွင့်အရေးမရပါဘူး။ အဲ့ဒီတော့ သူတို့ကျန်းမာရေးအတွက် လေ့ကျင့်ခန်းတွေ ဘာတွေယူ တဲ့အခါမှာလည်း ထိုင်းအကျဉ်းသားများကဲ့သို့ လွတ်လပ်စွာဆောင်ရွက်ခွင့်မရပါဘူး။ အဲ့ဒီအပြင် နေ့စဉ်ကျွေးမွေးနေတဲ့ အစားအသောက်ထုတ်ပေးတဲ့အခါမှာလည်း သူတို့ရတဲ့အစားအသောက်က ထိုင်းအကျဉ်းသားတွေနဲ့ အဆင့်အတန်း အရေအတွက်မတူညီဘူး။ အဲ့ဒီထက်ပိုဆိုးတာက ကျန်းမာရေး ကုသမှုအခါမှာ ဆရာဝန်တွေနဲ့ညှိနှိုင်းတိုင်ပင်ဖို့အခွင့်အရေးတွေသူတို့မရခဲ့ဘူး။ အဲ့ဒီအပြင် ဗမာ အကျဉ်းသားတွေဟာ သံရုံးနဲ့ဆက်ဆံတဲ့အခါမှာလည်း သံရုံးနဲ့နီးနီးကပ်ကပ်ဆက်ဆံခွင့်မရခဲ့ဘူး။ အဲ့ဒီ အပြင် ထိုင်းအကျဉ်းသားတွေနဲ့ မြန်မာအကျဉ်းသားတွေကို ခွဲခြားပြီးတော့ထားရှိခဲ့တယ်။ အဲ့ဒီတော့

သူတို့စာထဲမှာ ကမ္ဘောဒီးယားနိုင်ငံကဆိုရင် ကမ္ဘောဒီးယားသံရုံးကရော၊ ကမ္ဘောဒီးယားအစိုးရကရော နီးနီးကပ်ကပ်နေပြီးတော့ ဆောင်ရွက်ပေးတဲ့အပြင် အကျဉ်းသား ၅၀ စီ၊ ၅၀ စီ မကြာခဏ ပြန်လွှတ်လာတဲ့အတွက် ဒီနေ့ ထိုင်းအကျဉ်းထောင်တွေထဲမှာ ကမ္ဘောဒီးယားအကျဉ်းသားတွေက မရှိသလောက်ဖြစ်နေပါပြီ။ ဗမာအကျဉ်းသားတွေအတွက်ကတော့ သူတို့ရဲ့ဆိုးရွားတဲ့အခြေအနေတွေကို အခု သူတို့ကြေညာချက်လည်းထုတ်တယ်။ စာနဲ့လည်းပြောတယ်။ လွှတ်တော်မှာ ဝန်ကြီးဌာနကဖြေတဲ့အခွင့်အရေးတွေကို သူတို့မရဘူးဆိုတဲ့ဟာကို အချက်အလက်တွေနဲ့တင်ပြလာပါတယ်။ ဒါကြောင့် လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်အရင်မေးထားတဲ့မေးခွန်းကိုတော့ အသေးစိတ် ကျွန်တော် ဖတ်မပြတော့ပါဘူး။ ဒီမှာ ဖော်ပြထားတဲ့အတိုင်းပဲ အကျဉ်းခံနေရတဲ့ မြန်မာနိုင်ငံအကျဉ်းသားတွေနဲ့ပတ်သက်ပြီးတော့ ထိုင်းမိဖုရားမွေးနေ့မှာ ဩဂုတ်လတုန်းက ဘယ်နှစ်ယောက်ပြန်လွှတ်နိုင်အောင် နိုင်ငံခြားရေးရုံးက စွမ်းဆောင်နိုင်သလဲ။ ထိုင်းဘုရင်မွေးနေ့ ဒီဇင်ဘာ ၅ ရက်နေ့မှာရော မြန်မာအကျဉ်းသားအရေးအတွက် ဘယ်လောက်လွှတ်အောင်စွမ်းဆောင်နိုင်သလဲ။ နောက်ကျွန်တော်အမြဲတမ်းပြောနေတဲ့ အကျဉ်းသားလွှဲလှယ်ရေးစာချုပ်အခြေအနေကရော ဘယ်အခြေအနေရှိပါသလဲ။ အဲဒီတော့ ကျွန်တော်တို့က အခြေခံဥပဒေမှာပေးထားတဲ့အခွင့်အရေးကို လက်တွေ့ရဖို့အတွက် ကျွန်တော်တို့လွှတ်တော်က စွမ်းဆောင်နိုင်ဖို့၊ ဆောင်ရွက်နိုင်မှုအပေါ်မှာ အခုလို ရှင်းလင်းခွင့်ရတဲ့အတွက် ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်တယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်တယ်။ ကျွန်တော့် ဆီရောက်နေတဲ့စာကိုလည်း အဲ့ဒီဝန်ကြီးဌာနနှစ်ခုလုံးကို ကျွန်တော် ဆက်လက်ပေးပို့တဲ့အခါမှာ တကယ်အခြေအနေမှန်ကို ဦးစားပေးပါလို့ မေတ္တာခံရင်းနဲ့ ကျွန်တော့်မေးခွန်းကို နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ ထပ်မံမေးမြန်းတဲ့မေးခွန်းနဲ့စပ်လျဉ်း၍ ကျွန်တော်က ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ နိုင်ငံများကို လေ့လာမယ်ဆိုရင် မိမိတို့နိုင်ငံရဲ့ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး၊ ရေမြေတောတောင်၊ သဘာဝအခြေအနေများနဲ့

လိုက်လျောညီထွေရှိမယ့် နိုင်ငံရေးဦးတည်ချက်နဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲပြဋ္ဌာန်းကျင့်သုံးလျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင် မိမိတို့နိုင်ငံရဲ့ နိုင်ငံရေးလုပ်ငန်းစဉ်များနဲ့အတူ လူမှုရေး၊ စီးပွားရေး၊ လူမှုဘဝနှင့် လူ့အခွင့်အရေးဆိုင်ရာအခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရန်နဲ့ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက်ကို လိုအပ်တဲ့ဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးလျက်ရှိရာမှာ နိုင်ငံ သားများအနေဖြင့် မိမိတို့နိုင်ငံမှာ ပြဋ္ဌာန်းထားရှိတဲ့အခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများကိုလည်း စောင့်ထိန်းလိုက်နာကျင့်သုံးရသည်ကိုလည်း တွေ့ရှိရပါတယ်။ ထိုင်းနိုင်ငံတစ်ဝန်းမှာရှိတဲ့ အကျဉ်းထောင်အသီးသီးမှာ ပြစ်ဒဏ်ကျခံနေရတဲ့ မြန်မာနိုင်ငံသားအကျဉ်းသားများဟာ စုစုပေါင်း ၃၉၆၇ ဦးရှိရာ အများဆုံးဟာ မူးယစ်ဆေးဝါးပြစ်မှုများဖြစ်ကြောင်း သိရှိရပါတယ်။ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးအနေနဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၊ တရားရေးဝန်ကြီးဌာနနဲ့ အကျဉ်းဦးစီးဌာနတို့ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှာ မြန်မာနိုင်ငံသားအကျဉ်းသား ၁၃၀ ဦးအတွက်လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့မှာ မြန်မာနိုင်ငံသားအကျဉ်းသား ၆၄ ဦးအတွက်လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှာ မြန်မာနိုင်ငံသားအကျဉ်းသား ၁၂၂ ဦးအတွက်လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှာ မြန်မာနိုင်ငံသားအကျဉ်းသား ၁၄၄ ဦးအတွက်လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှာ မြန်မာနိုင်ငံသားအကျဉ်သား ၇၅ ဦးအတွက်လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့မှာ မြန်မာနိုင်ငံသားအကျဉ်းသား ၁၇ ဦးအတွက်လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှာ မြန်မာနိုင်ငံသားအကျဉ်းသား ၁၃၆ ဦးအတွက်လည်းကောင်း စုစုပေါင်း မြန်မာနိုင်ငံသားအကျဉ်းသား ၆၆၈ ဦးအတွက်ကို လွတ်ငြိမ်းချမ်းသာခွင့်ရရှိရန် အကြိမ်ကြိမ် မေတ္တာရပ်ခံချက်အရ လွတ်ငြိမ်းချမ်းသာခွင့်ပေးရာမှာ မြန်မာနိုင်ငံသားပါဝင်မှသာ ထိုင်းနိုင်ငံ အကျဉ်းဦးစီးဌာနအနေနဲ့ သက်ဆိုင်ရာမြန်မာသံရုံးကို အကြောင်းပြန်ကြားပေးမည်ဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအနေဖြင့် ထိုင်းနိုင်ငံတစ်ဝန်းမှာရှိတဲ့ အကျဉ်းထောင်အသီးသီးမှာ ပြစ်ဒဏ်ကျခံလျက်ရှိတဲ့ မြန်မာနိုင်ငံအကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ရရှိရေး၊ လွတ်မြောက်ရေးနဲ့ အပြစ်ဒဏ်လျှော့ပေါ့ခွင့်ရရှိရေးတို့ကို မေတ္တာရပ်ခံဆောင်ရွက်လျက်ရှိသကဲ့သို့ ကျန်းမာရေး/လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်မှုများရရှိရေးအတွက်ကိုလည်း ထိုင်းနိုင်ငံဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများအပြင် သံသမန်နည်းလမ်းများအရပါ စဉ်ဆက်မပြတကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ပေမယ့်လည်း ထိုင်းနိုင်ငံမှာ လူသတ်မှု၊ မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှုများနဲ့ အဂတိလိုက်စားမှုတို့ဖြင့် ပြစ်ဒဏ်ကျအကျဉ်းသားများနှင့်စပ်လျဉ်း၍ လွတ်ငြိမ်း

ချမ်းသာခွင့်များ ပေးလေ့မရှိကြောင်းသိရှိရပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ အကျဉ်းထောင်အသီးသီးမှာ ပြစ်ဒဏ်ကျခံလျက်ရှိတဲ့ ထိုင်းနိုင်ငံ နိုင်ငံသားအကျဉ်းသား ၂၄ ဦးရှိရာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် ကျား ၁၁ ဦး၊ မ ၂ ဦး ပေါင်း ၁၃ ဦး၊ မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ/သစ်တော/လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ များဖြင့် မ ၁ ဦး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ/လူဝင်မှု ကြီးကြပ်ရေးအက်ဥပဒေနှင့် လက်နက်များဥပဒေဖြင့် ကျား ၄ ဦး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာဥပဒေ/လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေဖြင့် ကျား ၂ ဦး၊ မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ/ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် ကျား ၁ ဦး၊ ပြစ်မှုပုဒ်မ ၄၈၉ (ဂ) ငွေတုပြုလုပ်မှုဖြင့် ကျား ၁ ဦး၊ မ ၁ ဦး ပေါင်း ၂ ဦး၊ လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ/ သစ်တော/လက်နက်များအက်ဥပဒေ/လက်နက်များအက်ဥပဒေဖြင့် ကျား-၂၀ ဦး၊ မ-၄ စုစုပေါင်း ၂၄ ဦးရှိပါတယ်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းမှာ မြန်မာနိုင်ငံအစိုးရအဆက်ဆက်အနေဖြင့် တရားခံများနဲ့ အကျဉ်းသားများလဲလှယ်/လွှဲပြောင်းရေးနှင့် စပ်လျဉ်း၍ အခြားနိုင်ငံများနှင့် သဘောတူ လက်မှတ်ရေးထိုးထားခြင်း မရှိကြောင်းလည်းသိရှိရပါတယ်။ သို့ပေမယ့်လည်း မြန်မာနိုင်ငံအနေဖြင့် ကိစ္စတစ်ခုခြင်းအပေါ် အခြေခံပြီး စီမံခန့်ခွဲရေးအာဏာပိုင်ဆုံးဖြတ်ချက်ဖြင့် တရားခံလွှဲပြောင်းခြင်း များကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနဲ့ နောက်ဆက်တွဲစာချုပ်များမှာ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင် ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လို့ ပြစ်မှုဆိုင်ရာကိစ္စရပ်များမှာ နိုင်ငံအချင်း ချင်းအပြန်အလှန်အကူအညီပေးရေးစာချုပ်၌ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် နေ့မှာ အဖွဲ့ဝင် နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီလို အပြန်အလှန်အကူအညီပေးရေးစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့ပေမယ့် ပြစ်မှုဆိုင်ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး သဘောတူ စာချုပ်ကိုသာ ထိုင်းနိုင်ငံနှင့် ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှာလည်းကောင်း၊ အိန္ဒိယပြည်သူ့ သမ္မတနိုင်ငံနှင့် ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှာလည်းကောင်း၊ လက်မှတ်ရေးထိုးမှုများရှိခဲ့ သော်လည်း အကျဉ်းသားလဲလှယ်/လွှဲပြောင်းခြင်းနှင့် တရားခံလွှဲပြောင်းခြင်းဆိုင်ရာ သဘောတူညီမှု များ ပါဝင်ခြင်းမရှိခဲ့ပါ။ အကျဉ်းသားများလွှဲပြောင်းပေးရေးဆောင်ရွက်ရာမှာ အထူးသတ်မှတ်ချက်များ တောင်းဆိုခြင်း၊ ငြင်းပယ်နိုင်သောအကြောင်းပြချက်များ၊ ခြွင်းချက်များ၊ ကန့်သတ်ချက်များ၊ ၎င်းတို့ကို

စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ စသည်ဖြင့် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် နှစ်နိုင်ငံသဘောတူညီချက်များအပြင် ပြည်တွင်းဥပဒေများဖြင့် အတိအကျပြဋ္ဌာန်းပေးရန် လိုအပ်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့လက်ရှိကျင့်သုံးနေသော တည်ဆဲဥပဒေများမှာ အကျဉ်းသားလဲလှယ်ရေးနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းချက် တစ်စုံတစ်ရာမရှိသေးသကဲ့သို့ အခြားနိုင်ငံများအနေနဲ့လည်း စာချုပ်ချုပ်ထားခြင်းမရှိပါကြောင်းတွေ့ရပါတယ်။ သို့ရာတွင် ချစ်ကြည်ရင်းနှီးမှုအရ အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများနှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များ၊ တရားမမှုများ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိစ္စရပ်များ၊ အနုညတတရားစီရင်ရေးနဲ့ ပြစ်မှုကျူးလွန်တတ်သူများကို လွှဲပြောင်းပေးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကိစ္စရပ်တစ်ခုချင်းအပေါ်မူတည်ပြီး အပြန်အလှန်အကူအညီပေးဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ရာ အကျဉ်းသားများ လဲလှယ်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှာ အကျဉ်းသားလဲလှယ်ခြင်း/လွှဲပြောင်းခြင်းဆိုင်ရာဥပဒေကို ရေးဆွဲပြဋ္ဌာန်းထားခြင်းမရှိသေးပါသဖြင့် ထိုင်းနိုင်ငံနှင့် နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်ဖြေရှင်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မိုင်းပြင်းမြို့နယ်အား မိုင်းဆတ်ခရိုင်မှနီးစပ်သည့် ကျိုင်းတုံခရိုင်အတွင်းသို့ ပြောင်းလဲပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်းမဲဆန္ဒနယ်ကမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပြင်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးချမ်းမြေ့ပါစေကြောင်း ဦးစွာပထမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျင်းပလျက်ရှိတဲ့ ပထမအကြိမ် နဝမပုံမှန်အစည်းအဝေးမှာ တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများရဲ့အကျိုးအတွက် ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို မေးမြန်းတင်ပြခဲ့ပါတယ်။ အဲဒီမေးခွန်းမှာ မိုင်းပြင်းမြို့နယ်အား မိုင်းဆတ်ခရိုင်မှ အနီးစပ်ဆုံးဖြစ်တဲ့ ကျိုင်းတုံခရိုင်အတွင်းသို့ ပြောင်းလဲပြင်ဆင်ပေးရန်မေးမြန်းတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိုင်းပြင်းကနေ မိုင်းဆတ်ကို သွားတဲ့အခါမှာ မိုင် ၉၀ ကျော်ကွာဝေးတဲ့အပြင် မိုးရာသီအချိန်မှာဆိုလို့ရှိရင် သွားလာရေးအင်မတန်မှ ခက်ခဲပြီး မိုင်းဆတ်ကိုကိစ္စ

တစ်ခုနှင့် သွားရမယ်ဆိုလို့ရှိရင် ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ်ကို ပတ်ပြီးတော့မှ မိုင်းဆတ်ကိုသွားရတဲ့အတွက်ကြောင့် သွားရလာရခက်ခဲကြမ်းတမ်းမှုရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူများရဲ့အကျိုးကျေးဇူးအတွက် ဒီမေးခွန်းကို တင်ပြမေးမြန်းရခြင်းပဲဖြစ်ပါတယ်။ သို့ပေမယ့် ကျင်းပလျက်ရှိတဲ့ ပထမအကြိမ် နဝမပုံမှန်အစည်းအဝေး နဝမနေ့အစီအစဉ်မှာသော်လည်းကောင်း၊ နောက် နိုင်ငံတော်သမ္မတရုံးမှ ၃-၂-၂၀၁၄ စာအမှတ်၊ ၁၀၇(၁/၈) သမ္မတရုံးနှင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၈ နေ့ထုတ်တဲ့အမိန့်စာမှာ ကျွန်တော်တို့ မိုင်းပြင်းမြို့နယ်ကို မိုင်းဆတ်ခရိုင်မှ နီးစပ်တဲ့ ကျိုင်းတုံခရိုင်အတွင်းသို့ ပြောင်းလဲပြင်ဆင်ပေးလိုက်ကြောင်း ကြားသိရတဲ့အတွက် ကျွန်တော့်ရဲ့မေးခွန်းကို တင်ပြမေးမြန်းခွင့်ပြုတဲ့ ဥက္ကဋ္ဌကြီးနှင့် နိုင်ငံတော်အကြီးအကဲများ ကျွန်တော်ရဲ့မေးခွန်းကို ဖြေကြားဖို့ရောက်ရှိလာတဲ့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အတည်ပြုမှတ်တမ်းတင်ပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မိုင်းပြင်းမြို့နယ် ပြည်သူ့လူထုရဲ့ကိုယ်စား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းနှင့် ကျွန်တော်ရဲ့မေးခွန်းကို ဆက်လက်မေးမြန်းမှုမပြုတော့ဘဲ ရုပ်သိမ်းပါကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**သဘာဝကျေးငှက်များအား ဖမ်းဆီးရောင်းချဝယ်ယူမှုများ ဖြစ်ပေါ်နေခြင်းကို တားဆီးရန်၊ ထိန်းသိမ်းရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းလှကျော်၊ လင်းခေးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှကျော်(လင်းခေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လူကြီးမင်းလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံးကို လေးစားစွာ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်ကတော့ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့မေးခွန်းနှင့်ဆက်စပ်ပြီး အကြောင်းအရာအနည်းငယ်ကိုတင်ပြလိုပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ရာသီဥတု သဘာဝပေါက်ပင်စုံလင်မှုကြောင့် ဒေသရင်းကျေးငှက်အမျိုးမျိုးနဲ့ အခြားဒေသမှရောက်လာတဲ့ ဆောင်းခိုငှက်အမျိုးမျိုးတို့ နေထိုင်ကျက်စားလျက်ရှိပါတယ်။ သုတေသနပညာရှင်များရဲ့ လေ့လာမှုအရ မြန်မာနိုင်ငံမှာ ငှက်မျိုးစိပ်ပေါင်း ၁၀၃၅ မျိုးကျက်စားလျက်ရှိပြီးတော့ ဒေသရင်းငှက်မျိုးစိပ် ၇၅၆ မျိုးပါဝင်ပါတယ်။ အခြားဒေသမှ လာရောက်တဲ့ ဆောင်းခိုငှက်မျိုးစိပ် ၂၇၉ မျိုးထိရှိပါတယ်။ မြန်မာနိုင်ငံအလယ်ပိုင်းမှာရှိတဲ့ အောင်ပင်လယ်၊ ရေဝပ်မြေ၊ တောင်သမန်အင်း၊ စွတ်မြဲအင်း၊ လိပ်အင်းပတ်ဝန်းကျင်ဒေသ၊ ရှမ်းပြည်နယ် အင်းလေးဒေသ ပတ်ဝန်းကျင်နှင့် အခြားဒေသများ

အပါအဝင် ဒေသရင်း ငှက်များသာမက ဆောင်းခိုငှက်များပါလာရောက်ကျက်စားနေကြပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို လျစ်လျူရှုပြီးတော့ မိမိတို့ရဲ့အကျိုးစီးပွားအတွက် ငှက်များကို ဖမ်းဆီးရောင်းချရောင်းဝယ်မှု၊ သတ်ဖြတ်မှုများရှိနေပါတယ်။ တန်ခိုးကြီးဘုရားများမှာ ဝါးခြင်းတောင်းကြီးများဖြင့် ငှက်မျိုးစုံကိုထည့်သွင်းသိုလှောင်ကာ ကုသိုလ်ဖြစ်ငှက်လွှတ်ရန် ရောင်းချနေမှုများကို တွေ့မြင်နေရပါတယ်။ ငှက်ဖမ်းဆီးသူများထံမှ ဝယ်ယူရောင်းချရာတွင် ဝယ်ယူမှု၏ ၂၀ ရာခိုင်နှုန်းခန့်သည် သဘာဝရာသီဥတုအစာအဟာရမကိုက်ညီမှုထိခိုက်ဒဏ်ရာရမှုများကြောင့် သေကျေပျက်စီးကြောင်း လေ့လာသူများမှသိရှိရပါတယ်။ ဒါ့အပြင် ကုသိုလ်ဖြစ်ငှက်လွှတ်သူများ လွှတ်ပေးခဲ့သော ငှက်များ၏ ၃၀ ရာခိုင်နှုန်းခန့်သည် သေကျေပျက်စီးနိုင်ကြောင်းလည်းတွေ့ရှိရပါတယ်။ လွှတ်လိုက်ပြီးသော ငှက်များသည် မိမိမူရင်းဒေသသို့ ပြန်ရောက်ရှိအောင် မပျံသန်းနိုင်တော့ခြင်း၊ အစာအာဟာရမရရှိခြင်း မိမိဒေသအာဟာရနှင့်မတူညီခြင်း သိုလှောင်ရက်ကြာ၍ အတောင်ညှောင်းပြီး အဝေးသို့ အမြင့်သို့မပျံနိုင်တော့ဘဲ ခွေး၊ ကြောင်အစရှိသော တိရစ္ဆာန်များ၏ အလွယ်တကူတိုက်ခိုက်မှုကြောင့် သေဆုံးပျက်စီးကြရပါတယ်။ ဘာသာရေးအရ မိမိကုသိုလ်ရရန်ရည်ရွယ်ပြီးတော့ ဇီဝိတဒါနငှက် လွှတ်ခြင်းဖြစ်ပါသော်လည်း အမှန်တကယ်လွှတ်ပေးလိုက်ခြင်းထက် ၎င်းအကြောင်းတရားအတွက်ကြောင့် ငှက်များသေကျေပျက်စီးမှုများ အများအပြားဖြစ်ပေါ်နေခြင်းကိုသိရှိရန် လိုအပ်ပါတယ်။ ငှက်လွှတ်သူများရှိခြင်းကြောင့် ငှက်အရောင်းအဝယ်ဈေးကွက်ကိုလည်း ဖြစ်ပေါ်နေကြောင်းသိရှိရပါတယ်။ ဘာသာရေးအရ ဗေဒင်ယတြာချေရန်အတွက် ငှက်များကိုအသုံးပြုနေခြင်းမှ အခြားသော အစားထိုးနည်းလမ်းများဖြင့်လုပ်ဆောင်သင့်ပြီဖြစ်ကြောင်းလည်း အကြံပြုတိုက်တွန်းလိုပါတယ်။ ထို့ကြောင့် ကုသိုလ်ဖြစ်ငှက်များလွှတ်နေပါက ဖမ်းဆီးရောင်းချဝယ်ယူမှုများလည်းရှိနေမှာဖြစ်ပြီး ငှက်မျိုးစိတ်များ ရှားပါးပျောက်ကွယ်မျိုးသုဉ်းလာနေနိုင်ပါ၍ အောက်ပါမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ တန်ခိုးကြီးဘုရားများတွင် ကုသိုလ်ဖြစ်ငှက်လွှတ်ခြင်း၊ ဗေဒင်ယတြာ ငှက်လွှတ်ခြင်းများကြောင့် သဘာဝကျေးငှက်များအား ဖမ်းဆီးရောင်းချဝယ်ယူမှုများ ဖြစ်ပေါ်နေခြင်းသည် ငှက်မျိုးစိတ်များအတွက် ထိခိုက်ရှားပါးမျိုးသုဉ်းပျောက်ကွယ်နေခြင်းကြောင့် ၎င်းအနေအထားများအားတားဆီးရန်၊ ထိန်းသိမ်းရန်၊ ပိတ်ပင်ရန် အစီအစဉ်ရှိ/မရှိသိလိုပါကြောင်း သဘာဝဝန်းကျင်ထိန်းသိမ်းရေးမြတ်နိုးသူများ၏ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအေးမြင့်မောင်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ လင်းခေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှကျော်ရဲ့ တန်းခိုးကြီးဘုရားများမှာ ကုသိုလ်ဖြစ်ငှက်လွှတ်ခြင်း၊ ဗေဒင်ယတြာ ချေရန်အတွက် ငှက်လွှတ်ခြင်းများကြောင့် သဘာဝကျေးငှက်များအား ဖမ်းဆီးရောင်းဝယ်မှုများဖြစ် ပေါ်နေခြင်းသည် ငှက်မျိုးစိတ်များအတွက် ထိခိုက်ရှားပါး မျိုးသုဉ်းပျောက်ကွယ်နိုင်ခြင်းကြောင့်တား ဆီးရန်၊ ထိန်းသိမ်းရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ်မှာဖြေကြားသွားမှာဖြစ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းကာကွယ်ဖို့အတွက် ၁၉၉၄ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ လိုက်နာအကောင်အထည်ဖော်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း ဦးစွာတင်ပြလိုပါတယ်။ အထက်ပါဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ(က)အရ သစ်တောဦးစီးဌာနဟာ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မျိုးသုဉ်းတော့မယ့်အန္တရာယ်ကို ကျရောက်နိုင်တဲ့ တောရိုင်းတိရစ္ဆာန်များစာရင်းကို ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

အဲဒီထုတ်ပြန်ကြေညာထားတဲ့ ကာကွယ်ရမယ့် တောရိုင်းတိရစ္ဆာန်များစာရင်းမှာ အဓိက အားဖြင့် သုံးမျိုးခွဲခြားထားတာရှိပါတယ်။ လုံးဝကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်များ၊ သာမန် ကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်များ၊ ရာသီအလိုက် ကာကွယ်ရမယ့် တောရိုင်းတိရစ္ဆာန်များဆို ပြီးတော့မှ သုံးမျိုးသုံးစားခွဲခြားပြီး ကျွန်တော်တို့ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ နေထိုင်ကျက်စားလျက်ရှိတဲ့ ငှက်မျိုးစိတ်များသာမက ခုနက လွှတ်တော် ကိုယ်စားလှယ်ကြီးဆွေးနွေးသွားတဲ့ နိုင်ငံပြင်ပကနေ ရာသီအလိုက် ပြောင်းရွှေ့ကျက်စားရောက်ရှိလာ တတ်တဲ့ ငှက်မျိုးစိတ်များအပါအဝင် ရှားပါးပြီး မျိုးသုဉ်းမည့် အန္တရာယ်ကျရောက်နိုင်ခြေရှိတဲ့ ငှက်မျိုး စိတ်များနှင့်ပတ်သက်လို့ လုံးဝကာကွယ်ထားတဲ့ ငှက်မျိုးစိတ်ကတော့ ၅၀ မျိုး၊ သာမန်ကာကွယ်ထား တဲ့ငှက်မျိုးစိတ် ၄၃ မျိုး၊ ရာသီအလိုက် ကာကွယ်ထားတဲ့ ငှက်မျိုးစိတ် ၁၃ မျိုး စုစုပေါင်း ၁၀၆ မျိုး

ရှိပါကြောင်းတင်ပြလိုပါတယ်။ တန်ခိုးကြီးဘုရားများမှာ ကုသိုလ်ဖြစ်ငှက်လွှတ်ခြင်း၊ ဗေဒင်ယတြာချေ ငှက်လွှတ်ခြင်းတို့၌ အသုံးပြုလျက်ရှိတဲ့ စာကလေး၊ ခိုကဲ့သို့သော ငှက်များမှာ နိုင်ငံအန္တ့ပေါ်များစွာ တွေ့ရှိနိုင်ပြီး မျိုးသုဉ်းမယ့် အန္တရာယ်အဆင့်နည်းပါးပြီး ဥပဒေအရ ကာကွယ်ထားတဲ့စာရင်းမှာလည်း ပါဝင်ခြင်းမရှိတဲ့အပြင် တစ်ဖက်ကလည်း ငှက်များကို သတ်ဖြတ်ခြင်းမဟုတ်ဘဲ ဘာသာရေးနဲ့ ဆက်နွယ်ပြီး ဘေးမဲ့လွှတ်ခြင်း၊ စီးပွားဖြစ် အကြီးအကျယ်လုပ်ကိုင်ခြင်းများလည်းမဟုတ်ဘဲ လက်လုပ်လက်စားအဆင့်သာ လုပ်ကိုင်မှုများကြောင့် ငှက်မျိုးစိတ်များရဲ့ နေထိုင်ကျက်စားမှုများနှင့် အရေအတွက်ကိုထိခိုက်နိုင်မှုမရှိကြောင်း သုံးသပ်စိစစ်တွေ့ရှိရပါတယ်။ သို့ပါ၍ ငှက်ဘေးမဲ့လွှတ်ခြင်းနှင့် ပတ်သက်၍ ရှားပါးငှက်မျိုးစိတ်များမပါရှိရေးအတွက် နယ်မြေမှာရှိတဲ့ ဝန်ထမ်းများမှ သက်ဆိုင်ရာ ငှက်သဘာဝမြတ်နိုးသူများအဖွဲ့နဲ့ ပေါင်းစပ်ပြီးတော့မှ ကြပ်မတ်စစ်ဆေးထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါတယ်။

သစ်တောဦးစီးဌာနအနေနဲ့ ငှက်မျိုးစိတ်အပါအဝင် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များဖမ်းဆီးခြင်း၊ ရောင်းချနေခြင်းများနှင့်ပတ်သက်၍ မျက်ခြည်မပြတ်စစ်ဆေးလျက်ရှိပြီး ပြည်သူများအား အသိပညာပေးဆွေးနွေးခြင်း၊ ကျူးလွန်ဆောင်ရွက်မှုများအပေါ် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ခြင်းစတဲ့ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအုပ်ချုပ်ရေးအဖွဲ့တို့နဲ့ ပူးပေါင်းပြီး နိုင်ငံတော်မှ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူလူထုများ ပိုမိုသိရှိနားလည် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် အသိပညာပေးဟောပြောဆွေးနွေးခြင်းတို့ကို စဉ်ဆက်မပြတ် နယ်မြေဒေသအသီးသီးမှာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ်အတွင်းမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောမှု တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ၂၂၃၉ ကြိမ်ဆောင်ရွက်ခဲ့ပါတယ်။

ဒီ့အပြင် အခြားသောလူမှုအရေးအဖွဲ့အစည်းကြီးများ၊ NGO များစတဲ့ ဒီအဖွဲ့အစည်းကြီးတွေဟာလည်း ကျွန်တော်တို့နဲ့ဆက်စပ်ပြီး ဒီလုပ်ငန်းစဉ်များမှာ ဒီထက်မက အကြိမ်များကို ပိုမိုကျယ်ပြန့်စွာ နယ်မြေမှာဆင်းပြီး ပြည်သူများနဲ့ထိတွေ့ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုချက်အတိုင်း ရှားပါးပြီး မျိုးသုဉ်းမယ့် အန္တရာယ်နှင့် ရင်ဆိုင်ရတဲ့ ကျေးငှက်များအပါအဝင် တောရိုင်းတိရစ္ဆာန်များအား တရားမဝင်ဖမ်းဆီးရောင်းဝယ်နေမှုများကို ယခုထက်ပိုမိုထိရောက်စွာ

ကြပ်မတ်ဆောင်ရွက်သွားနိုင်ရန် စဉ်ဆက်မပြတ်ကွင်းဆင်းပညာပေးအစီအစဉ်များကိုလည်း အစိုးရဌာနများသာမက ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထို့အပြင် သတင်းမီဒီယာများမှတစ်ဆင့်လည်း ပြည်သူလူထုအတွင်း ပိုမိုပျံ့နှံ့သိရှိနားလည်ပြီး ထိရောက်တဲ့ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဟုမ္မလင်းမြို့နယ်မှ ထုတ်လုပ်ခဲ့သောသစ်လုံးတန်ရေ မည်မျှရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ သစ်ထုတ်လုပ်မှုကို ရပ်ဆိုင်းပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအေး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဖြစ်ပါတယ်။ ကျွန်တော်တို့ ဟုမ္မလင်းမြို့နယ်မှာ ထမံသီစီမံကိန်းကြောင့် ရေဝပ်မယ့်ဧရိယာတွေထဲက အပြောင်ရှင်းစနစ်နဲ့ သစ်တောတွေကိုခုတ်ထွင် ရှင်းလင်းလိုက်တဲ့အတွက်ထမံသီရဲ့အထက်ပိုင်းမှာ သဘာဝအခြေအနေတွေဟာပျက်စီးကုန်ပါပြီ။ နောက်တစ်ခါ ဒီထမံသီရေဝပ်ဧရိယာထဲက သစ်တွေကတော့ သစ်အမျိုးအစားညံ့ဖျင်းပေမယ့် ကျွန်တော်တို့ ဟုမ္မလင်းမြို့နယ် ထမံသီရဲ့ အောက်ပိုင်းဒေသတွေမှာကျတော့ အဖိုးတန်သစ်တောတွေရှိပါတယ် ခင်ဗျား။ အင်းပညှင်းကျွန်း၊ တမလန်းသစ်ရာစတဲ့ အဖိုးတန်သစ်တောတွေရှိပါတယ်။ ဒါတွေကိုလည်း ကုမ္ပဏီ ၉ ခုလောက်က လာရောက်ပြီးတော့ထုတ်ယူကြတဲ့အတွက် ဟုမ္မလင်းမြို့ရဲ့ အထက်ပိုင်းမှာရော၊ ဟုမ္မလင်းမြို့ရဲ့အတွင်းမှာပါ ထမံသီရဲ့အောက် ဟုမ္မလင်းမြို့ရဲ့အတွင်းမှာပါ သစ်တောတွေ ပြုန်းတီးလျက်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ဒီသစ်တောထုတ်သွားပေမယ့်လို့ ကုမ္ပဏီတွေကလည်း သစ်တောကို ပြန်လည်ပြုစုခြင်းမရှိ သူတို့သတ်မှတ်ထားတဲ့ ကြိုးဝိုင်းထဲဒေသခံ နယ်မြေများလိုအပ်တဲ့ သစ်အနည်းငယ်လောက် ခုတ်ရင်တောင် တားဆီးတယ်၊ ပိတ်ပင်တယ်ဆိုတာမျိုးတွေ ဒါပြည်သူတွေက ကျွန်တော်တို့ကို တင်ပြလာတာရှိပါတယ်။ ကုမ္ပဏီတွေကတော့ ဒေသခံကျေးရွာ၊ နီးစပ်ရာဒေသခံ

ကျေးရွာတွေမှာ တိုက်ရိုက်ကူညီပေးမှုဆိုတာကတော့ မရှိသလောက် နည်းပါးပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ကြည့်ရင် ကျွန်တော်တို့ ဟုမ္မလင်းမြို့နယ်ထဲမှာ ကျွန်းပင်အမြောက်အမြား ကျွန်းတော ကြီးရှိနေပါသေးတယ်။ ဒါအလျဉ်းသင့်လို့ပြောရရင် ကျွန်တော်တို့မှာ ပေ ၄၀၊ ၅၀ လောက်ရှိတဲ့ ကျွန်းပင်ကြီးတွေ၊ ဖြောင့်စင်းပြီးတော့အင်မတန်လှပတဲ့ လူတစ်ဖက် နှစ်ဖက်လောက်ရှိတဲ့ ကျွန်းပင်ကြီး တွေရှိနေပါတယ်။ ဒီသစ်ကြီးတွေကို တရုတ်ကုမ္ပဏီတစ်ခုက သူတို့ ပြည်နယ်ထဲမှာ ဘုံကျောင်းဆောက် ဖို့ဆိုပြီးတော့ ထုတ်လုပ်ခွင့်တောင်းခဲ့တယ်လို့ဆိုပါတယ်။ ဒါသက်ဆိုင်ရာ သစ်တောဝန်ထမ်း တစ်ယောက်ရဲ့ပြောကြားချက်ပဲဖြစ်ပါတယ်။ ဒါပေမယ့်လို့ အင်မတန် ချီးကျူးစရာကောင်းတာက သစ်တောဌာနညွှန်ကြားရေးမှူးချုပ်က ဒါကိုခွင့်မပြုခဲ့ဘူးဆိုတဲ့အတွက် ညွှန်ကြားရေးမှူးချုပ်ကိုလည်း ဒီလွှတ်တော်ကနေ တစ်ဆင့်ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်ကိုယ်တိုင် ဒါတွေကို သူကကျွန်းမျိုးသန့်အတွက် ဇရိယာသတ်မှတ်ပြီးတော့ ထားခဲ့တာပါ။ ကျွန်တော်ကိုယ်တိုင်ပဲ ရောက်ရှိသွားပါတယ်။ ဒါကလည်း အင်မတန်ကောင်းတဲ့ အစီအစဉ်ပဲဖြစ်တဲ့အတွက် ဒါညွှန်ကြားရေး မှူးချုပ်ကိုလည်းချီးကျူးအပ်ပါတယ်။ ဒါပေမယ့်လို့ သစ်ထုတ်လုပ်ရေးကို ကျွန်တော်က၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစပြီးတော့ လုံးဝရပ်ဆိုင်းပေးဖို့ တောင်းဆိုခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်ဟာ တခြားသစ်ခိုးထုတ်နေတဲ့ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ နိုင်ငံများနဲ့ဝေးကွာပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဒေသမှာ သစ်တွေကျန်နေသေးတာ ဖြစ်ပါတယ်။ အဲ့ဒီတော့ နောင်လာမယ့် နောင်လာ နောက်သားတွေအတွက်ရော ကျွန်တော်တို့ ဒီကျွန်းပင်ကြီးတွေကို အလှကြည့်နိုင်အောင် ချန်ထားလို့ မဖြစ်ဘူးလား။ သစ်ထုတ်သွားတဲ့ကုမ္ပဏီကြီးတွေရော သစ်တောတွေကို ပြန်လည်ပြုစုပေးဖို့ တာဝန် မရှိဘူးလား။ နောက်တစ်ခုကတော့ ကျွန်တော်တို့ဒေသမှာ ဒီအင်ကညင်တောတွေ ဖြစ်တဲ့အတွက် ဒီနေရာမှာတန်ဖိုးမြင့် သစ်ပင်တွေ စိုက်ပျိုးဖို့လိုအပ်နေပါတယ်။ အဲ့ဒီအခါကျရင်တော့ သတ်မှတ်လိုက် တဲ့ဇရိယာအတွင်းမှာ ဒီသစ်တော သစ်ပင်တွေကိုတော့ ခုတ်ထွင်ရှင်းလင်းရမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လို့ တချို့ကုမ္ပဏီကြီးတွေကတော့ ဒါလက်ရှိကျွန်တော်တို့ဆီမှာ ထုတ်သွားတဲ့ကုမ္ပဏီကြီး တွေဟာ သူတို့သတ်မှတ်တဲ့ဇရိယာသစ်လုံးရေ တန်တွေကို သတ်မှတ်ချက်ထက်လျှော့ပြတယ်။ တကယ် ထုတ်တာကပိုတယ်။ ပြတဲ့အခါကျတော့ လျှော့ပြတယ်။ ကိုယ့်သတ်မှတ် ဇရိယာထဲမှာမဟုတ်ဘဲနဲ့ အခြားဒေသမှာလည်းပဲသွားပြီးတော့ ခုတ်လှဲထားတာတွေကိုလည်း အမြောက်အမြားရှိတယ်။ သစ်လုံး တွေအမြောက်အမြားရှိတယ်လို့သိရှိရ ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်က ဧပြီလ ၁ ရက်နေ့ဆို ရင်တော့ သစ်အလုံးလိုက်မပို့တော့ဘူးလို့ သိရတဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ရှိပါတယ်။

**မူကြမ်း**

ဒီဧပြီလ ၁ ရက်နေ့ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ သမိုင်းမှာသမိုင်းဝင်နေ့တစ်နေ့ ဖြစ်သွားလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ကျွန်တော်တို့ ဟုမ္မလင်းမြို့နယ်အတွင်းမှာရှိတဲ့ သစ်ထုတ်လုပ်ခြင်းကို လုံးဝ ဂ ရာခိုင်နှုန်းထိ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရပ်ဆိုင်းပေးခြင်းရှိ/မရှိ သိရှိလိုပါကြောင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးရဲ့ ဟုမ္မလင်းမြို့နယ်မှာ တပ်မတော်အစိုးရလက်ထက်နှင့် လက်ရှိအစိုးရလက်ထက်ထုတ်လုပ်ခဲ့တဲ့ သစ်လုံးတန်ရေမည်မျှရှိပါသလဲ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ သစ်ထုတ်လုပ်မှုလုံးဝရပ်ဆိုင်းပေးရန် ဆောင်ရွက်ပေးနိုင်ပါသလား။ မရပ်ဆိုင်းပေးနိုင်ပါက၊ ရပ်ဆိုင်းပေးနိုင်ခြင်းမရှိသေးပါက မည်သည့်အတွက်ကြောင့် ရပ်ဆိုင်းနိုင်ခြင်းမရှိရခြင်းနှင့် မည်သည့်ဘဏ္ဍာရေးနှစ်မှာ သုညရာခိုင်နှုန်းရောက်ရှိအောင်လျှော့ချနိုင်မည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ စီးပွားရေးဆိုင်ရာတာဝန်ယူရတဲ့ မြန်မာ့သစ်လုပ်ငန်းဟာ စစ်ကိုင်း တိုင်းဒေသကြီး၊ ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်အတွင်းမှာ ထမံသီဆည်ရေဝပ်ဧရိယာ အပြောင်ရှင်းသစ်ထုတ်ခြင်း၊ လောင်းမင်းဒေသတွင် ရွှေပြည်အေးမြို့သစ် မြေနေရာဖော်ထုတ်ရန်သစ်ထုတ်ခြင်း၊ နှစ်ရှည်သီးနှံစိုက်ပျိုးရန် မြေနေရာ အပြောင်ရှင်းသစ်ထုတ်ခြင်းစတဲ့ လုပ်ငန်းစဉ် ၃ မျိုးပေါ်မှာ အခြေခံပြီး သစ်ထုတ်လုပ်မှုများကို ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ အဆိုပါသစ်ထုတ်လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာပါက နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးရေးစီမံကိန်းတစ်ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်အရ ထမံသီဆည်မှာ ချင်းတွင်းမြစ်အားဆည်ပိတ်၍ ရေအားလျှပ်စစ်ထုတ်လုပ်ရန်ဖြစ်ပြီး ရေအားလျှပ်စစ်ထုတ်လုပ်ရန်သတ်မှတ်ထားတဲ့ ဆည်ရေဝပ်ဧရိယာအတွင်းမှာ ရေမြုပ်ဆုံးရှုံးမယ့်သစ်များ စနစ်တကျအကျိုးရှိစွာ အသုံးပြုနိုင်ရေးနဲ့ ဆည်အရည်အသွေးနှင့်

လုပ်ငန်းများဆောင်ရွက်ရာတွင် ထိခိုက်မှုများမရှိစေရေးအတွက် ရေဝပ်ဧရိယာ အပြောင်းရှင်းသစ်ထုတ်လုပ်ခြင်းကို ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်ခဲ့ရာမှာ စုစုပေါင်းသစ်မာ ၂၁၃၁၈၄ တန် ထုတ်လုပ်ထွက်ရှိခဲ့ပါတယ်။ အဆိုပါ ဆည်ရေဝပ်ဧရိယာမှ သစ်ထုတ်လုပ်ခြင်းကို ၂၀၁၃-၂၀၁၄ ခုနှစ်မှာ လုံးဝရပ်ဆိုင်းခဲ့ပြီးဖြစ်ပါတယ်။

ထမံသီဆည်ရေဝပ်ဧရိယာအတွင်းကျရောက်တဲ့ ကျေးရွာများကို ရွှေ့ပြောင်းပေးပြီးတော့မှ လောင်းမင်းဒေသမှာရှိတဲ့ ပြန်လည်အခြေကျနေထိုင်နိုင်ရေးအတွက် ရွှေပြည်အေးမြို့သစ်မြေနေရာ ရှင်းလင်းဖော်ထုတ်နိုင်ဖို့အတွက် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ သစ်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာမှာ စုစုပေါင်းသစ်မာ ၄၅၁၆၉၉ တန်ထွက်ရှိခဲ့ပြီး အဲ့ဒီလုပ်ငန်းတွေကလည်း အခုအချိန်အခါမှာ လုံးဝရပ်ဆိုင်းခဲ့ပြီးဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တင်ပြခဲ့တဲ့ သစ်တောစီမံအုပ်ချုပ်ပိုင်ခွင့်ရှိတဲ့ မြေမဟုတ်ဘဲနဲ့ မြေလွတ်မြေရိုင်းမှာ နှစ်ရှည်သီးနှံ စိုက်ပျိုးရန်အလို့ငှာ တင်ပြလာတဲ့အပေါ် အပြောင်းရှင်းတဲ့ သစ်ထုတ်ခြင်းဖြစ်ပါတယ်။ အဲ့ဒီမှာတော့ ကုမ္ပဏီငါးခုဆောင်ရွက်လျက်ရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေ ဆောင်ရွက်ခဲ့ရာမှာ စုစုပေါင်း သစ်မာ ၃၈၀၀၈ တန် ထွက်ရှိခဲ့ပါတယ်။ နှစ်ရှည်ပင်စိုက်ပျိုးမယ့် လုပ်ငန်းရှင်များရဲ့ အမှန်တကယ်စိုက်ပျိုးနိုင်မှုအခြေအနေကိုစိစစ်ပြီး ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ နှစ်အလိုက်စိုက်နိုင်တဲ့ပမာဏကိုသာ အပြောင်းရှင်းစေပြီးတော့မှ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ တကယ်တမ်းစိုက်ပျိုးနိုင်တဲ့ဧကဟာ အဲ့ဒီဒေသမှာနှစ်ရှည် ၁၀၀၅ ဧကပဲစိုက်ပျိုးနိုင်သေးကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဖော်ပြပါသစ်ထုတ်လုပ်ငန်းကို ကျွန်တော်တို့ဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းအနေနဲ့ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ ယခင်အစိုးရလက်ထက်မှာ သစ်မာ ၄၇၆၀၁၉ တန်၊ ၂၀၁၁-၂၀၁၂ မှ ၂၀၁၂-၂၀၁၃ အထိ လက်ရှိအစိုးရလက်ထက်မှာ သစ်မာ ၂၂၆၈၇၂ တန် စုစုပေါင်းသစ်မာ ၇၀၂၈၉၁ တန် ထုတ်လုပ်ခဲ့ကြောင်း ဖော်ပြအပ်ပါတယ်။

ထမံသီဆည်ရေဝပ်ဧရိယာနှင့် လောင်းမင်းဒေသမှာ ရွှေပြည်အေးမြို့သစ် တည်ထောင်တဲ့ မြေနေရာများကို အပြောင်းရှင်းသစ်ထုတ်လုပ်ခဲ့မှုကြောင့် ဒေသခံပြည်သူများ အထိုက်အလျောက် အလုပ်အကိုင် အခွင့်အလမ်းများရရှိခဲ့ပြီး သစ်ထုတ်လုပ်ငန်းဆောင်ရွက်ခဲ့တဲ့ ကုမ္ပဏီများအနေနဲ့ ရွှေပြည်အေးမြို့သစ်မှာ စာသင်ကျောင်းလေးကျောင်းနှင့် ဆရာ၊ ဆရာမများနားနေဆောင်တစ်ဆောင်

အတွက် လှူဒါန်းငွေကျပ် ၆၄၅ သိန်း၊ ရွှေပြည်အေးမြို့သစ်မှာတည်ထောင်တဲ့ ဘာသာရေး၊ သာသနာရေးဆိုင်ရာ အဆောက်အဦများအတွက် လှူဒါန်းငွေကျပ် သိန်း ၇၈၀၊ ရွှေပြည်အေးမြို့သစ်မှာ တည်ထောင်တဲ့ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးအတွက် လှူဒါန်းငွေကျပ် ၂၀၂ သိန်း၊ စာသင်ကျောင်းများ၊ သာသနာရေးအဆောက်အဦများ၊ ဌာနဆိုင်ရာအဆောက်အဦများနှင့် နေအိမ်ဆောက်လုပ်ရန်အတွက်လှူဒါန်းတဲ့ သစ်ပမာဏ ၅၁၂ တန်၊ တည်ဆောက်ရေးလုပ်ငန်းများမှ အသုံးပြုနိုင်ဖို့အတွက်ပံ့ပိုးတဲ့ ဒီဇယ်ဆီ ၂၉၀ ဂါလံ၊ ဟုမ္မလင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာသင်ကျောင်းများ၊ ဆေးရုံများ၊ သာသနာရေးအဆောက်အဦများ၊ ရုံး၊ ဌာနများအတွက် လှူဒါန်းငွေ ကျပ် ၁၉၁ သိန်း၊ ဟုမ္မလင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ရောင်းချငွေသစ်ပမာဏ ၁၆၅ တန်စတဲ့ ဒီလုပ်ငန်းတွေဟာ ဒေသဖွံ့ဖြိုးရေးကိုလည်း တစ်ဖက်တစ်လမ်းက အကူအညီ အထောက်အပံ့ပြုခဲ့ကြောင်းလေ့လာသိရှိခဲ့ရပါတယ်။ ဒီအပြင် မြို့ကွက်သစ်ဖော်ထုတ်ခြင်း၊ လမ်းဖောက်လုပ်ခြင်းစတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ယာဉ်၊ ယန္တရားနှင့် စက်သုံးဆီများကိုလည်း ပံ့ပိုးကူညီခဲ့ကြောင်း ဖော်ပြအပ်ပါတယ်။

ဟုမ္မလင်းမြို့နယ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ ကျွန်းထုတ်လုပ်ခြင်းကိုဆောင်ရွက်မှာမဟုတ်ဘဲ သစ်မာထုတ်လုပ်ခြင်းကိုတော့ သိသိသာသာ လျှော့ချပြီး သစ်မာတန်(၄၀၀၀) ခန့်သာထုတ်လုပ်ရန်လျာထားထားရှိပါကြောင်း ဖော်ပြအပ်ပါတယ်။ နိုင်ငံတော်အတွင်း သစ်ထုတ်လုပ်မှုဆောင်ရွက်ရတဲ့အကြောင်းရင်းများကို ဖော်ပြရမယ်ဆိုရင် နိုင်ငံတော်စီမံကိန်းလုပ်ငန်းများ၊ အရေးပေါ် သဘာဝဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပြည်သူလူထုသုံးစွဲရန် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ဖို့ကတော့ စဉ်ဆက်မပြတ်စီမံဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိအနေမှ သစ်ထုတ်လုပ်မှုကိုလုံးဝရပ်ဆိုင်းနိုင်တဲ့ အခြေအနေမရှိသေးပါကြောင်းနှင့် သစ်ထုတ်လုပ်မှုကို အချိုးညီလျှော့ချဆောင်ရွက်လျက်ရှိပါကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့တိုးပွားစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းကာကွယ်ရေးတို့ကို အထောက်အကူဖြစ်စေရန်အလို့ငှာ သစ်ထုတ်လုပ်မှုပမာဏကိုနှစ် စဉ်လျှော့ချထုတ်လုပ်ရန် ရည်မှန်းချက်များချမှတ်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ကျွန်း ၁၇ ရာခိုင်နှုန်းနှင့် သစ်မာ ၂၀ရာခိုင်နှုန်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်မှာကျွန်း ၃၁.၁၁ ရာခိုင်နှုန်းနှင့် သစ်မာ ၄၉.၉၂ ရာခိုင်နှုန်း လျှော့ချထုတ်လုပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ့အပြင် ပြည်တွင်းသစ်ထုတ်လုပ်မှုကို သိသိသာသာ လျှော့ချတဲ့အပြင် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ပြည်ပသို့ သစ်အလုံးလိုက်

**မူကြမ်း**

တင်ပို့ခြင်းကိုလည်း ရပ်ဆိုင်းမှာဖြစ်ပြီး သစ်အခြေခံအချောထည်ထုတ်ကုန်များ တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျွန်းသစ်ထုတ်လုပ်မှုကိုသစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း လျာထားချက်ပါ နှစ်စဉ်ထုတ်လုပ်ရမယ့် ပမာဏ AAC ကိုအခြေခံ၍လည်းကောင်း၊ သစ်မာ ထုတ်လုပ်မှုကို နှစ်စဉ်ထုတ်လုပ်ရမယ့် ပမာဏထက်လျှော့နည်း၍လည်းကောင်း ထုတ်လုပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် သစ်တောသယံဇာတအပေါ်မှီခိုမှုနှင့် လိုအပ်မှုများ လျှော့နည်းလာတာနဲ့အမျှ ထုတ်လုပ်မှုကဏ္ဍကို တဖြည်းဖြည်းလျှော့နည်းရပ်ဆိုင်းသွားအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)။** ။ ကျွန်တော်ဆက်စပ်ပြီး မေးမြန်းခွင့်ပြုပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးအား ပန်ကြားအပ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဖြေကြားချက်ကိုလည်း ကြိုဆိုလက်ခံပါတယ်။ ခုနက ဝန်ကြီးတင်ပြသွားသလို သစ်ပါးလွှာထုတ်လုပ်ရေးလုပ်ငန်းကိုဆက်လက်ပြီးတော့ ဆောင်ရွက်သွားမယ်လို့သိရပါတယ်။ ဒါကလည်း အထိုက်အလျောက်ဒေသတွင်း အလုပ်အကိုင်ရရှိရေးကို အထောက်အကူပြုတဲ့အတွက် ကြိုဆိုပါတယ်။ ဒါပေမယ့်လို့ သစ်ထုတ်လုပ်လိုက်တဲ့ သစ်ပါးလွှတ်ထုတ်လုပ်ရေးကုမ္ပဏီတွေဟာ သစ်တောကိုပြန်လည်ပြုစုထိန်းသိမ်းပေးဖို့ ၎င်းတို့ထုတ်လုပ်လိုက်တဲ့ သစ်တန်ချိန်ပမာဏနှင့် အချိုးညီတဲ့ သစ်တောဧရိယာဧကတွေကိုသတ်မှတ်ပြီးတော့ ပြန်လည်ပျိုးထောင်ပေးစေလိုပါကြောင်းလည်း တစ်ဆက်တစ်စပ်တည်း တိုက်တွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီးထပ်မံပြီးတော့မှ ဆွေးနွေးအကြံပြုသွားတာ အလွန်ကောင်းပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်း ဒီလုပ်ငန်းစဉ်အပေါ်မှာ ဒါခုနက သစ်ပါးလွှာစက်ရုံတည်ထောင်တဲ့ သစ်အခြေခံစက်မှုလုပ်ငန်း ခုနက ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ ကျွန်တော်တို့ LEB ပဲလုပ်လိုက်တဲ့အခါမှာ ပြည်တွင်းသစ်အခြေခံစက်မှုလုပ်ငန်းတွေတိုးတက်ဖို့ ရည်ရွယ်သော်ငြားလည်း တကယ်တမ်းရေရှည်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များမှာ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်တဲ့သစ်ပေါ်မှာအခြေခံပြီးတော့မှ ကျွန်တော်တို့ ရေရှည်ရပ်တည်ဖို့ စီမံဆောင်ရွက်ထားရှိပါတယ်။ ဒီ့အပြင်

သစ်ထုတ်လုပ်တဲ့ကုမ္ပဏီများအနေနဲ့ သစ်ထုတ်လုပ်တဲ့ တန်ပမာဏနဲ့ ညီမျှတဲ့ဧကကိုတွက်ချက်ပြီး သစ်တောစိုက်ခင်းတွေထူထောင်ဖို့ဆိုတဲ့ လုပ်ငန်းစဥ်မှာလည်း ဒါကျွန်တော် အမျိုးသားလွှတ်တော်မှာ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ပြီးသားလည်းဖြစ်ပါတယ်။ တကယ်တမ်းပြောရရင် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဒီလုပ်ငန်းစဥ်တွေကို စဥ်ဆက်မပြတ် အလေးထားဆောင်ရွက်ပါတယ်။ ဒီထဲမှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်တဲ့ ကုမ္ပဏီအရေအတွက်၊ နောက်တစ်ခါ ပမာဏ ဒါတွေအားလုံးကိုလည်း ကျွန်တော်တို့ အသေးစိတ်ပြုစုထားရှိပါတယ်။ အချို့ကတော့ ဒီနေရာမှာတင်ပြလိုတာဟာ သက်ဆိုင်ရာဒေသတွေမှာ သစ်ထုတ်တာမှန်သော်ငြားလည်း ကျွန်တော်တို့ သစ်တောတွေကို စိုက်ခင်းတွေပြန်လည်ထူထောင်တဲ့အခါမှာ တောနေတောပျက်ပြန်လည်ထူထောင်ပါတယ်။ တောနေတောပျက်တွေကို အထူးသဖြင့် ထူထောင်တဲ့အခါမှာ ခုနက ကုမ္ပဏီတွေအဓိက ပူးပေါင်းပါဝင်ဆောင်ရွက်စေပါတယ်။ ဒီမှာ အားလုံးပေါင်းဧကအားဖြင့် ကျွန်တော်တင်ပြရရင် သက်ဆိုင်ရာကုမ္ပဏီများက တိုးပေးခဲ့တဲ့ဧကပမာဏသည် ၁၃၀၀၀၀ ခန့်ရှိနေပါတယ်။ ဒါဘာလို့ ကျွန်တော်တင်ပြနိုင်လဲဆိုရင် ၃၃၀၀၀ ခန့်ဟာ လက်ရှိကျွန်းစိုက်ခင်းတွေ ထူထောင်ထားရှိပါတယ်။ ကျန်တာကိုလည်းခုနက လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသွားတဲ့အပေါ်မှာ ကျွန်တော်တို့အနေနဲ့ ထပ်မံပြီးတော့ အလေးထားဆောင်ရွက်သင့်တဲ့ လုပ်ငန်းစဥ်အနေနဲ့ ဝန်ကြီးဌာနကလည်း သက်ဆိုင်ရာကုမ္ပဏီများနဲ့ တွေ့ဆုံပြီးအကောင်အထည်ဖော်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းတင်ပြရင်းနိဂုံးချုပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါ့မယ်။

**အချိန်၊ ၁၁း၀၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၀**။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မောက်မယ်မြို့နယ်၊ ကတူးကြီးကျေးရွာအုပ်စုအတွင်းရှိ ကြိုးဝိုင်းသစ်တောများကို မည်သည့်အချိန်မှ စတင်သတ်မှတ်ခဲ့ပြီး အိမ်ခြေ ၅၀ အောက်လျော့နည်းသော ကျေးရွာငယ်များကို ကြိုးဝိုင်းဧရိယာမှ ပလပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ မောက်မယ်မြို့နယ် ကတူးကြီးကျေးရွာအတွင်းရှိ မဲဆန္ဒရှင်ပြည်သူလူထုများရဲ့တင်ပြချက်အရ သစ်တောကြိုးဝိုင်းအတွင်းကျရောက်နေသော ကျေးရွာများနှင့် စပ်လျဉ်းသည့်မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကတူးကြီးကျေးရွာအုပ်စုသည် မောက်မယ်မြို့နယ်၏ တောင်ဘက်အစွန်ဆုံး ရှမ်း၊ ကယားနယ်စပ်တွင်တည်ရှိပြီး ယခင်က ကျေးရွာပေါင်း ၂၃ ရွာရှိသည့်အနက် အချို့ကျေးရွာငယ်များမှာ နယ်မြေအခြေအနေ အနေအထားအရ ပြောင်းရွှေ့ကြပြီးဖြစ်ပါသည်။ လက်ရှိရွာကြီးများဖြစ်ကြသော ဒေါ်သမ၊ နားဟီး၊ ပန်မန်နဲ့ အိမ်ခြေ ၅၀ အထက်ရှိကြသဖြင့် အိမ်နံပါတ်တပ်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သို့ရာတွင် ရွာငယ်များဖြစ်ကြသော ကျူးတဝီး၊ ပန်မန်၊ နမ့်ပါတက်၊ ပန်လန်းနှင့် နောင်ခိုက်ကျေးရွာများမှာ ယခင်စစ်သုံးမြေပုံများတွင်လည်း အမည်ပေါက်ဖြစ်ကြပြီး ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် စိုက်ပျိုးလယ်ယာမြေများတည်ရှိကြပါတယ်။ လက်ရှိတွင်လည်း ရွာသားများအခြေကျနေထိုင်လျက်ရှိကြပါသည်။ သစ်တောကြိုးဝိုင်းသတ်မှတ်ချက်အရ အိမ်ခြေ ၅၀ အောက်ရှိသော ကျေးရွာများမှာ ပြောင်းရွှေ့ရမည့်အနေအထားရောက်ရှိနေကြောင်း ကြိုးဝိုင်းသတ်မှတ်ချိန်တွင်လည်း မိမိတို့အနေနဲ့ မသိရှိရကြောင်း မိမိတို့အနေဖြင့် ရှေးယခင်ကတည်းက ရွာတည်၍ နေထိုင်လာကြသူများဖြစ်ကြောင်း ကျေးရွာလူထုမှတင်ပြလာပါသည်။ သို့ဖြစ်ပါ၍ ကြိုးဝိုင်းဧရိယာအတွင်းကျရောက်

နေသော မောက်မယ်မြို့နယ် ကတူးကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာငယ်များနှင့် စပ်လျဉ်း၍ အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ မေးခွန်း(၁) မောက်မယ်မြို့နယ် ကတူးကြီးကျေးရွာအုပ်စုအတွင်းရှိ ကြိုးဝိုင်း သစ်တောများကို မည်သည့်အချိန်မှ စတင်သတ်မှတ်ဆောင်ရွက်ခဲ့ပါသနည်း။ မေးခွန်း(၂) ဘုန်းကြီးကျောင်း အခြေခံပညာမူလတန်းကျောင်းနှင့် စိုက်ပျိုးလယ်ယာမြေများ အတည်တကျတည်ရှိသည့် အိမ်ခြေ ၅၀ အောက် လျော့နည်းသော ကျေးရွာငယ်များကို ကြိုးဝိုင်းဧရိယာမှပလပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မေးခွန်း(၃) အစီအစဉ်ရှိပါက မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးနိုင်မည် အစီအစဉ်မရှိပါက အဘယ်ကြောင့်မဆောင် ရွက်ပေးနိုင်မည်ကို တောင်ပေါ်ဒေသမဲဆန္ဒရှင်များကိုယ်စား ရိုသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ လင်းခေးခရိုင် မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့ မောက်မယ်မြို့နယ် ကတူးကြီးကျေးရွာ အုပ်စုအတွင်းမှာရှိတဲ့ ကြိုးဝိုင်းသစ်တောများကို မည်သည့်အချိန်မှ စတင်သတ်မှတ် ခဲ့ပါသလဲ။ ဘုန်းကြီးကျောင်း အခြေခံပညာမူလတန်းကျောင်းနှင့် စိုက်ပျိုးလယ်ယာမြေများ အတည် တကျရှိတဲ့ အိမ်ခြေ ၅၀ အောက်လျော့နည်းသော ကျေးရွာငယ်များကို ကြိုးဝိုင်းဧရိယာမှ ပလပ်ပေးရန် အစီအစဉ် ရှိ/မရှိ။ အစီအစဉ်ရှိပါက မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးနိုင်မည်၊ အစီအစဉ်မရှိပါက အဘယ်ကြောင့်မဆောင်ရွက်ပေးနိုင်သည်ကို သိလိုသည်နှင့်စပ်လျဉ်းတဲ့မေးခွန်းနှင့် ပတ်သက်လို့ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ တောင်ကြီး၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်းမှာ ကြိုးဝိုင်း ၄ ခုရှိပြီး ကတူးကြီးကျေးရွာအုပ်စုမှာ ကန်တုလုံကြိုးဝိုင်း တည်ရှိပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ၁၄-၉-၁၉၉၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၂၇/၉၉) နှင့် ဧရိယာ ၁၉၂၀၀ ဧကရှိတဲ့ ရေတ လျောက်ကြိုးဝိုင်းကိုလည်းကောင်း၊ ၁၄-၉-၁၉၉၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၃၀/၉၉) ဖြင့် ဧရိယာ ဧက ၅၁၈၄၀ ရှိတဲ့ ဟိုလွယ်ကြိုးဝိုင်းကိုလည်းကောင်း၊ ၂၅-၁-၂၀၀၀ ရက်စွဲပါအမိန့်ကြော်ငြာ

စာအမှတ်(၁/၂၀၀၀) ဖြင့် ဧက ၁၉၂၂၅၆ ဧကရှိတဲ့ ကန်တုလုံကြိုးဝိုင်းကိုလည်းကောင်း၊ ၃၀-၃-၂၀၀၀ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၀၀) ဖြင့် ဧက ၇၆၀၃၂ ဧကရှိတဲ့ မောက်မယ်ကြိုးဝိုင်းကို လည်းကောင်း အသီးသီးဖွဲ့စည်းတည်ထောင်ထားရှိပါတယ်။

မြို့ပြကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရာမှာ ပြည်သူတို့ရဲ့ စားဝတ်နေရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်သက်သာစွာ ဆောင်ရွက်ပေးနိုင်ရန် နှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဥ်များကို အထောက်အကူပြုစေရန်အတွက် နိုင်ငံတော်ရဲ့ လမ်းညွှန် ချက်နှင့်အညီ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအတွင်းမှာ နှစ်ကာလအတန်ကြာ တရားဝင် ခွင့်ပြုချက်မရှိဘဲ အခြေချနေထိုင်လျက်ရှိတဲ့ ရွာစုနှင့် အိမ်ထောင်စုစာရင်းများကို စနစ်တကျ ကောက်ယူခဲ့ပြီး ကျေးရွာသစ်များ ပြန်လည်ဖွဲ့စည်းနေရာချထားနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီး ဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့နှင့်ပူးပေါင်းစီမံချက်ရေးဆွဲ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်းဖော်ပြအပ်ပါတယ်။ ကောက်ယူရရှိတဲ့ စာရင်းဇယားများကို အခြေခံပြီး အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်ပေါက်၊ အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည် မပေါက်၊ အိမ်ခြေ ၅၀ အောက် ပြည်ထဲရေးအမည်ပေါက်၊ အိမ်ခြေ ၅၀ အောက် ပြည်ထဲရေး အမည် မပေါက် ပြန့်ကျဲအိမ်စု၊ ရွာစုစသည်ဖြင့် အဆင့်ဆင့်စိစစ်ဆောင်ရွက်ရန် စီမံထားရှိပါတယ်။

အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်ပေါက် ကျေးရွာများနှင့်စပ်လျဥ်းလို့ ရွာမြေ၊ လယ်မြေ၊ သာသနာမြေ၊ အများပိုင်မြေများကို ကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးပြီး ယာမြေများကို သီးနှံသစ်တောရောနှောစနစ်နဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်ခွင့်ပြုသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်မှာပါဝင်တဲ့ အိမ်ခြေ ၅၀ အောက်ကျေးရွာ ၅ ရွာနှင့် စပ်လျဥ်းလို့ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များ အရတင်ပြ ရမယ်ဆိုပါက ပန်မန်ကျေးရွာဟာ ကန်တုလုံကြိုးဝိုင်းအတွင်းမှာရှိပြီးတော့ ပြည်ထဲရေးအမည်ပေါက် ကျေးရွာဖြစ်ပါတယ်။ ရွာမြေ ၀.၇၉ ဧက၊ လယ်မြေ ၈.၅ ဧက၊ သာသနာ/အများပိုင်မြေ ၂.၉၂ ဧက၊ ယာမြေ ၁၂ ဧက၊ စုစုပေါင်း ၂၄.၂၁ ဧကရှိကြောင်း၊ နမ့်ပါတက်ကျေးရွာမှာတော့ ကန်တုလုံကြိုးဝိုင်း မှာပဲကျရောက်ပြီး ပြည်ထဲရေးအမည်ပေါက်ကျေးရွာပဲဖြစ်ပါတယ်။ ရွာမြေ ၂.၂၁ ဧက၊ သာသနာ/ အများပိုင်မြေ၂.၇၈ ဧက၊ ယာမြေ ၆၄ ဧကနှင့် စုစုပေါင်း ၆၈.၉၉ ဧက၊ ကျူးတဝီးကျေးရွာဟာ ပြည်ထဲရေးအမည်ပေါက်ကျေးရွာဖြစ်ပါတယ်။ ကန်တုလုံကြိုးဝိုင်းအတွင်းမှာ ကျရောက်ခြင်းမရှိပါဘူး။ ကြိုးဝိုင်းချန်လှပ်ကွက်မှာ ကျရောက်တဲ့ရွာဖြစ်ပါတယ်။ ပန်လန်းကျေးရွာကတော့ ပြည်ထဲရေးအမည်

ပေါက်ကျေးရွာဖြစ်ပြီး ကန်တုလုံကြိုးဝိုင်းအတွင်းမှာ တည်ရှိသော်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုနှင့် နယ်မြေလုံခြုံရေး အကန့်အသတ်ရှိခြင်းတို့ကြောင့် လက်ရှိအခြေအနေမှာ ကွင်းဆင်းစစ် ဆေးနိုင်မှုမရှိသေးကြောင်းတွေ့ရှိရပါတယ်။ နောင်ခိုက်ကျေးရွာမှာလည်း ကန်တုလုံကြိုးဝိုင်းအတွင်း ကျရောက်ပြီး ပြည်ထဲရေးအမည်ပေါက်ကျေးရွာစာရင်းမှာတော့ ပါဝင်မှုမရှိပါဘူး။ လမ်းပန်းဆက် သွယ်ရေးနှင့် လုံခြုံမှုအခြေအနေကြောင့် ကွင်းဆင်းစစ်ဆေးချိန်မှာ စာရင်းကောက်ယူနိုင်ခဲ့ခြင်းမရှိ သေးကြောင်းတွေ့ရှိရပါတယ်။ သို့ပါ၍ တင်ပြပါ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံပြီး ကန်တုလုံ ကြိုးဝိုင်းအတွင်းမှာတည်ရှိတဲ့ အိမ်ခြေ ၅၀ အောက် ပြည်ထဲရေးအမည်ပေါက် ပန်မန် ကျေးရွာ၊ နမ့်ပါတက်ကျေးရွာများကို သတ်မှတ်ထားသည့်လုပ်ငန်းစဉ်များနှင့်အညီ ဒေသအုပ်ချုပ်ရေး အဖွဲ့နှင့် ပူးပေါင်းညှိနှိုင်းပြီး ရွာမြေ၊ လယ်မြေနှင့် သာသနာနှင့် အများပိုင်မြေများကို ကြိုးဝိုင်းမြေ အဖြစ်မှ ပယ်ဖျက်ပေးမှာဖြစ်ပြီး ယာမြေများကိုတော့ မူလလျာထားချက်ပါအတိုင်း သီးနှံရောနှော သစ်တောစိုက်ခင်းထူထောင်တဲ့ ဒေသပိုင်အစုအဖွဲ့အပိုင်သစ်တောလုပ်ငန်းများနဲ့ နှစ်ရှည်လုပ်ကိုင် ခွင့်ပြုသွားမှာဖြစ်ပါတယ်။ ကျူးတဝီးကျေးရွာမှာ မူလကပင် ကန်တုလုံကြိုးဝိုင်းအတွင်းမှာ ကျရောက် မှုမရှိဘဲ ကြိုးဝိုင်းချန်လှပ်ကွက်ဧရိယာအတွင်းမှာ တည်ရှိတဲ့အတွက် ကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက် ရေးကို သီးခြားဆောင်ရွက်ရန်မလိုကြောင်းဖော်ပြအပ်ပါတယ်။ ကွင်းဆင်းစစ်ဆေးရာမှာ စာရင်း ကောက်နိုင်ခြင်းမရှိသေးတဲ့ ပြည်ထဲရေးအမည်ပေါက် ပန်လန်းကျေးရွာ၊ ပြည်ထဲရေးအမည်မပေါက် နောင်ခိုက်ကျေးရွာတို့နဲ့ပတ်သက်လို့ လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်မှုအခြေအနေပေးလာတဲ့အမျှ လုပ်ထုံးလုပ်နည်းနှင့်အညီ ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းစဉ်များအရ ဆက်လက်စီမံဆောင်ရွက်ပေး သွားမှာဖြစ်ကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မြေပုံမြို့နယ်၊ ကွမ်းချောင်းကြိုးဝိုင်းသစ်တောအား ပြန်လည်ပြုစုပျိုးထောင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါ တယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကိုမေးရတဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ ကွမ်းချောင်းကြိုးဝိုင်းအပါအဝင်

တစ်နိုင်ငံလုံးမှာရှိနိုင်တဲ့အမည်ခံ သစ်တောကြိုးဝိုင်းတွေနဲ့ပတ်သက်ပြီးတော့ ပြန်လည်ထူထောင်ဖို့ တောင်ကတုံးကို သျှောင်ထုံးနိုင်ဖို့အတွက် အဖြေရှာတဲ့အနေနဲ့ စေတနာနဲ့တင်ပြခြင်းဖြစ်ပါတယ်။ ဦးစွာ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းဟာ အဋ္ဌမပုံမှန်အစည်းအဝေးက မေးခွန်းမေးမြန်းခဲ့တဲ့ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။ နဝမအကြိမ်အစည်းအဝေးမှာ ဝန်ကြီးဌာနကိုယ်တိုင်လာရောက်ပြီးတော့ ကြယ်ပွင့်ပြ မေးခွန်းကို စာနဲ့မဖြေဆိုဘဲ ကိုယ်တိုင်ကိုယ်ကျလာရောက်ဖြေဆိုတာကို အလွန်ပဲလေးစားပါကြောင်း နှင့်ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။

ဒီကွမ်းချောင်းကြိုးဝိုင်းဟာ ကျွန်တော်တို့မြေပုံမြို့နယ်ရဲ့ အကြီးဆုံးကျွန်းတစ်ခုဖြစ်တဲ့ ကွမ်း ချောင်းကျွန်းပေါ်မှာတည်ရှိပါတယ်။ ဧရိယာအားဖြင့် ၁၅၈၆ ဧကရှိပြီးတော့ ၁၉၁၀ ခုနှစ်ကနေပြီး တော့ အမိန့်အမှတ်(၆၅/၁၉၁၀) ဝန်ကြီးဌာနကသတ်မှတ်ခဲ့တာဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ခုတ် လှဲပြီးတော့လာခဲ့ပေမယ့် ကျွန်တော်တို့ရဲ့မုတ်သုံသစ်တောကြီးဟာ အင်၊ ကညင်သစ်တောကြီးဖြစ်ပြီး တော့ ကျွန်တော်တို့ငယ်ငယ်တုန်းကဆိုရင် တကယ့်ကိုပေါများတဲ့ သစ်တွေပေါများတဲ့နေရာတစ်ခုဖြစ် ပါတယ်။ အဲ့ဒါကို ကျွန်တော်တို့ခေတ်အဆက်ဆက်မှာ စနစ်တကျခုတ်ခဲ့တဲ့အတွက်ကြောင့် ဒီသစ်တော ကြီးဟာ အမြဲတမ်းစိမ်းလန်းစိုပြေပြီးတော့ ကျွန်တော်တို့နိုင်ငံတော်ရဲ့စီးပွားရေးမှာ အထောက်အကူ ပြုခဲ့ပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ လောက်ကစပြီးတော့ အိန္ဒိယကုမ္ပဏီတစ်ခုက ကောင်းကင်ကြိုးတန်းတွေဆင်ပြီးတော့ ထုတ်တယ်။ နောက်ပိုင်းမှာ ထူးကုမ္ပဏီက စက်ကိရိယာတွေ၊ ယန္တရားတွေအများကြီးနဲ့ထုတ်ခဲ့တဲ့အတွက် ဒီလိုအခြေအနေမျိုး ပြောင်သလင်းခါသွားတာတော့ နှစ်ပေါင်းအတော်ကြာပါပြီ။ အဲ့လိုဖြစ်ခဲ့တဲ့အတွက် ကျွန်တော်တို့မှာ ဒီသစ်တောကြီးဟာ သူ့ရဲ့နုပျို စဉ်က နိုင်ငံတော်ရဲ့အကျိုးကို သယ်ပိုးနိုင်ပြီးတော့ အခုချိန်အခါမှာ အိုမင်းမစွမ်းဖြစ်တဲ့အချိန်အခါမှာ ပြုစုစောင့်ရှောက်မယ့်သူမရှိတဲ့ အခြေအနေမျိုး ဖြစ်ပါတယ်။ ဖြစ်နိုင်ရင်တော့ ပတ်သက်ခဲ့တဲ့ ကုမ္ပဏီ တွေနဲ့ နိုင်ငံတော်အစိုးရက ပူးပေါင်းပြီးတော့ ဒါတွေကို ပြန်ပြီးတော့ ကြိုးဝိုင်းသစ်တောအဖြစ် ပြန်ပြီး တည်ထောင်ပေးစေချင်ပါတယ်။ ပြည်သူပြည်သားတွေဘဝကလည်း အဲ့ဒီမှာ အဲ့ဒီကြိုးဝိုင်းတောကို မှီခိုပြီးတော့ ဘဝရပ်တည်နေကြရတဲ့ ထင်းခွေ၊ သစ်ခုတ်၊ နွယ်ဖြတ်၊ ဟင်းတစ်နပ်စာကိုရှာစားနေရတဲ့ ပြည်သူတွေ အများကြီးရှိပါတယ်။ ဒီ့ပြင် အနီးအပါးရွာတွေလည်း အများကြီးရှိပါတယ်။

အဲ့ဒါကို သစ်တောကြိုးဝိုင်းလို့သတ်မှတ်လိုက်တဲ့အခါ ပြည်သူတွေအနေနဲ့ အဲ့ဒီနေရာမှာ သစ်ခုတ်တာတို့၊ ထင်းခွေတာတို့၊ ဟင်းရှာတာတို့အစ၊ နွယ်ဖြတ်တာတို့ကအစ အလွန်ပဲအခက်အခဲ တွေ့ပြီးတော့ ဥပဒေနဲ့လည်းငြိစွန်းပါတယ်။ ဒါကြောင့် ဒုက္ခရောက်ကြတဲ့သဘောမျိုး ရှိပါတယ်။

နိုင်ငံတော်ရဲ့ မိမိရဲ့မိဘအမွေတွေကို ကျွန်တော်တို့က အတွင်းပစ္စည်းတွေဆုံးရှုံးရုံမကလို့ အိမ်အိုအိမ်ပျက်ကြီးနဲ့တူတဲ့ ဒီကြိုးဝိုင်းသစ်တောမှာ သူတို့အနေနဲ့ အနားတောင်မှ ကပ်ခွင့်မရတဲ့အခြေအနေမျိုးနဲ့ ဒုက္ခရောက်နေတယ်ဆိုတဲ့အကြောင်းကို တင်ပြချင်တာဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့သစ်တောသယံဇာတ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျွန်တော့အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် အောက်ဖော်ပြပါမေးခွန်းကို လေးစားစွာမေးမြန်းလိုပါတယ်။

မေးခွန်းနံပါတ် (၁)က မြေပုံမြို့နယ်၊ ကွမ်းချောင်းကြိုးဝိုင်းသစ်တောအား ပြန်လည်ပြုစုပျိုးထောင်ရန်အစီအစဥ်ရှိပါသလား။ အစီအစဥ်ရှိပါက မည်သည့်ခုနှစ်မှစ၍ မည်သို့အစီအစဥ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ကို သိရှိလိုပါသည်။ မေးခွန်းနံပါတ်(၂) အကယ်၍ အစီအစဥ်မရှိပါက ဒေသခံပြည်သူများ ဥယျာဥ်ခြံမြေများ ဝင်ရောက်လုပ်ကိုင်နိုင်ရန်နှင့် ကြိမ်၊ နွယ်၊ သစ်၊ ဝါးများကို လွတ်လပ်စွာရယူသုံးစွဲနိုင်ရန်အတွက် ကြိုးဝိုင်းသစ်တောအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်း ရှိ/မရှိသိလိုပါကြောင်း လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း၏ မြေပုံမြို့နယ်၊ ကွမ်းချောင်းကြိုးဝိုင်းသစ်တောအား ပြန်လည်ပြုစုပျိုးထောင်ရန် အစီအစဥ်ရှိပါသလား။ ရှိပါက မည်သည့်ခုနှစ်တွင် စတင်ဆောင်ရွက်ပေးမည်။ မရှိပါက ဥယျာဥ်ခြံမြေများ လုပ်ကိုင်နိုင်ရန်နှင့် ကြိမ်နွယ်သစ်ဝါးများကို လွတ်လပ်စွာရယူသုံးစွဲနိုင်ရန် ကြိုးဝိုင်းသစ်တောအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်းရှိ/မရှိနှင့်ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မြေပုံမြို့နယ်အတွင်းမှာရှိတဲ့ ကွမ်းချောင်းကြိုးဝိုင်းဟာ ဧရိယာ ၁၅၈၆၆ ဧကရှိပြီး ယခင်သစ်တောရေးရာဝန်ကြီးဌာနရဲ့ ၆-၄-၁၉၁၀ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၆၅/၁၉၁၀ နဲ့ သစ်တောကြိုးဝိုင်းကို ဖွဲ့စည်းတည်ထောင်ခဲ့တာဖြစ်ပါတယ်။ အဆိုပါ ကြိုးဝိုင်းအတွင်းမှာ လက်ရှိ

**မူကြမ်း**

သစ်တောဖုံးလွှမ်းမှုကို ကောင်းကင်ဂြိုလ်တုဓာတ်ပုံ (RIS liss-3 2010) နဲ့လေ့လာဆန်းစစ်ချက် အရ ရွက်အုပ်ပိတ်တော ၄၉၀၂ ဧက၊ ရွက်အုပ်ပွင့်တော ၁၀၄၅၃ ဧက၊ ရွှံ့နွံတော ၂၃ ဧက စုစုပေါင်း ၁၅၃၇၈ ဧကခန့် သစ်တောများ ဖုံးလွှမ်းလျက်ရှိပြီး စိုက်ပျိုးမြေ ၄၈၈ ဧကခန့်ရှိနေကြောင်း စိစစ် တွေ့ရှိရပါတယ်။

ရခိုင်ပြည်နယ် စစ်တွေခရိုင်၊ မြေပုံမြို့နယ် ကွန်းချောင်းကြိုးဝိုင်းအတွင်းမှာ မြန်မာ့သစ်လုပ်ငန်း အနေနဲ့ ၁၉၈၆-၁၉၈၇ ဘဏ္ဍာနှစ်မှာ သစ်မာ ၂၉၁၉၈ တန်၊ ၁၉၉၉-၂၀၀၀ မှာ သစ်မာ ၁၃၇၁၅ တန် ထုတ်လုပ်ခဲ့ပါတယ်။ ၂၀၁၀-၂၀၁၁ မှာတော့ သစ်တောဦးစီးဌာနက ကွမ်းချောင်း ကြိုးဝိုင်းအတွင်းမှာ ရှိတဲ့ သစ်တောသယံဇာတစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာမှာ ရင်စို့လုံးပတ် ၂ ပေနှင့်အထက်၊ သစ်မာအုပ်စုမျိုးစုံ အပင်ပေါင်း ၁၅၆၀၀၀ ရှိနေကြောင်းကို ခန့်မှန်းတွက်ချက်ရရှိခဲ့ ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒများ၊ အမျိုးသား သစ်တောဥပဒေနှင့်အညီ အမျိုးသားသစ်တောကဏ္ဍ ပင်မနှစ် ၃၀ စီမံကိန်းကိုရေးဆွဲပြီးတော့မှ သစ်တောသယံဇာတများအရင်းအမြစ် ရေရှည်တည်တံ့ရေးနှင့် သစ်တောနယ်မြေများ တိုးချဲ့ဖွဲ့စည်း ရေးကို ရည်မှန်းချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း အလျဉ်းသင့်သလို တင်ပြအပ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကွမ်းချောင်းကြိုးဝိုင်းအတွင်းမှာရှိတဲ့ တည်ဆဲသစ်တော များကို သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေများအရ ကာကွယ်ခြင်း၊ လိုအပ်သလို သစ်တောများကို ပြုစု ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း အချိန်ကာလအလိုက် အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ ကွမ်းချောင်းကြိုးဝိုင်းအတွင်းမှာရှိတဲ့ တောနိမ့်၊ တောပျက်နေရာများမှာ ဒေသခံပြည်သူများ အတွက် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ထူထောင်ခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော စိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းများကို ကြိုးဝိုင်းမြေမှ ပယ်ဖျက်ခြင်းမပြုဘဲ နှစ်ရှည်ဆောင် ရွက်လုပ်ကိုင်ခွင့်ပြုသွားနိုင်ကြောင်း ဖော်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ဖော်ပြချက်မှာပါရှိတဲ့ ဒေသခံပြည်သူများမှ ကြိမ်၊ ဝါး အပါအဝင် လယ်ယာလုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံးသစ်တောထွက်ပစ္စည်းများကို မိမိတို့နေအိမ်သုံး အဖြစ်နဲ့ သုံးစွဲလိုပါက ကျွန်တော်တို့ပြဋ္ဌာန်းထားတဲ့ သစ်တောဥပဒေပုဒ်မ ၁၇၊ ပုဒ်မ ၂၀ ပုဒ်မခွဲ(ဂ)နှင့် သစ်တောနည်းဥပဒေ ၆ တို့အရ ထုတ်လုပ်နိုင်ပါကြောင်းနှင့် စီးပွားဖြစ်ထုတ်လုပ်လိုရင်တော့ နှစ်စဉ် စီမံကိန်းရည်မှန်းချက်များအတိုင်း သစ်တောဥပဒေ ပုဒ်မ ၁၈၊ ၁၉၊ ၂၀ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ပါကြောင်း ဖော်ပြအပ်ပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ အထက်မှာ တင်ပြခဲ့တဲ့အတိုင်း ရခိုင်ပြည်နယ်၊ စစ်တွေခရိုင် မြေပုံမြို့နယ်မှာရှိတဲ့ ကွမ်းချောင်းကြိုးဝိုင်းအတွင်း သစ်တောဖုံးလွှမ်းမှု ကောင်းမွန်တဲ့ဧရိယာများကို ဝန်ကြီးဌာနအနေနဲ့ ကာကွယ်ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ တောကျဲပါးတဲ့ တောနိမ့်၊ တောပျက်ဧရိယာများမှာတော့ ဒေသခံပြည်သူများအတွက် ပုဂ္ဂလိကပိုင်စိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို နှစ်ရှည်လုပ်ကိုင်ခွင့်ပြုခြင်း၊ ထို့အတူ ဒေသခံ ပြည်သူများအတွက် သစ်တောထွက်ပစ္စည်းများ၊ မိမိသုံးအတွက်သုံးစွဲရန်နှင့် စီးပွားဖြစ်အသုံးပြုနိုင်ရေး အခြေအနေတို့ကိုလည်း စနစ်တကျစီမံဆောင်ရွက်ပေးနိုင်ပါကြောင်းတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို နည်းနည်းမရှင်းတဲ့အတွက် မေးမြန်းလိုပါတယ်။ ကျွန်တော်ကမေးတဲ့မေးခွန်းမှာ ဒီကွမ်းချောင်းသစ်တောကြီးဟာ ပြန်လည်ပြီးတော့ ပြုစုပျိုးထောင်ဖို့ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီတော့ ဝန်ကြီးဌာနကဖြေရာမှာတော့ ကာကွယ်ထိန်းသိမ်းမယ်၊ ပြုစုပျိုးထောင်မယ်ဆိုတာကို ယေဘုယျဆန်ဆန်ပြောသွားပြီးတော့ ဘယ်လိုစပြီးတော့ ပြုစုပျိုးထောင်မယ်။ အစီအစဉ်တွေဖော်ပြဖို့လိုတယ်လို့ ထင်ပါတယ်။ ပထမဦးစွာပြောတာကတော့ ဒီအထဲမှာ အဲ့ဒီကွမ်းချောင်းကြိုးဝိုင်းထဲမှာ ကျွန်တော်ကိုယ်တိုင်သွားပြီးကြည့်ဖူးပါတယ်။ ဝန်ထမ်းတွေနဲ့လည်းတွေ့ဖူးပါတယ်။ တွေ့ဆုံမေးမြန်းမှုတွေလည်းလုပ်ဖူးပါတယ်။ အဖိုးတန်သစ်ရယ်လို့ နှစ်ပေပတ်လည် အပင်တောင်မှ မရှိတော့ပါဘူး။ ဒီတော့ စီးပွားဖြစ်ထုတ်လုပ်ဖို့နေနေသာသာ အိမ်သုံးဖို့တောင်မှ သစ်တိုင်လုံးတွေ၊ မျှောလုံးတွေအဖြစ်သုံးလို့မရတော့ပါဘူး။ ထင်းခွေဖို့လောက်ပဲရတဲ့အခြေအနေ၊ အတိုအထွာ အဲ့လိုပုံစံမျိုးပဲသုံးလို့ရလောက်တဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီသစ်တောကြိုးဝိုင်းကြီးဟာ စီးပွားဖြစ်ထုတ်လုပ်ဖို့ နေနေသာသာ အိမ်သုံးဖို့တောင်မှ မဖြစ်နိုင်တော့တဲ့အခြေအနေမျိုးရှိပါတယ်။ ပြောချင်တာကတော့ ဘယ်လိုမှ သစ်တောဌာနအနေနဲ့ ပြန်လည်မပြုစုဘူးဆိုရင် ဘယ်သူ့အတွက်မှလည်း အကျိုးမရှိတော့ပါဘူး။ ဒေသခံတွေအနေနဲ့ ခုနကလို လျှောက်ထားပြီးတော့ သစ်တွေကို ခုတ်ရမယ်။ အကြောင်းကြားပြီးတော့ ခုတ်ရမယ်ဆိုတာ။ ထင်းခွေဖို့ဟာက ဝန်ကြီးဌာနကိုလျှောက် ထားရမလို။ သစ်တောဦးစီးဌာနကိုလျှောက်ထားရမလို။ အဲ့လိုပုံစံမျိုးဖြစ်နေပါတယ်။ အဲ့လိုဒေသခံတွေမှာ အဲ့လို တောတွေတောင်တွေတက်လို့ သစ်တွေပိုင်းလာပြန်ပြီဆိုလည်း သစ်တောဝန်ထမ်းတွေနဲ့ အမြဲတမ်းစကားများပါတယ်။ ရဲတွေကအဖမ်းအဆီးရှိပါတယ်။ တစ်ဖက်က သစ်တောဥပဒေနဲ့ ငြိစွန်းနေတယ်။ တစ်ဖက်မှာ ဘာမှလည်း နိုင်ငံတော်အတွက်ရော၊ ဒေသခံအတွက်ရော စီးပွားဖြစ်ထုတ်လုပ် နိုင်တဲ့အခြေအနေမျိုးလုံးဝမရှိတော့

ပါဘူး။ အဲ့ဒါကို ဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာနယ်မြေဒေသကို ကွင်းဆင်းလေ့လာပြီးတော့မှ ဆုံးဖြတ်ပေးသင့်ပါကြောင်း အဲ့ဒီအပေါ်မှာ ဘယ်လိုအစီအစဥ်မျိုးနဲ့ ဒီကွန်းချောင်းသစ်တောကြိုးဝိုင်းကြီးကို ပြန်လည်ထူထောင်သွားမယ်။ ပြန်လည်ပြုစုပျိုးထောင်သွားမယ် ဒါမှမဟုတ် ပယ်ဖျက်သွားမယ်ဆိုတာမျိုးကို ကျွန်တော်မေးမြန်းခြင်းဖြစ်ပါတယ်။ အဲဒါကြောင့် ဖြစ်နိုင်ရင်ဖြေကြားပေးပါလို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်ဆင့်မေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ဖြေကြားနိုင်ကဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ခုနက တင်ပြဆွေးနွေးတဲ့အထဲမှာ တချို့နားလည်နိုင်မယ်လို့ ကျွန်တော်တင်ပြရရင် ကျွန်တော်တို့မှာ သစ်တောခရိုင်အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းဆိုတာရှိပါတယ်။ အဲဒါက ကျွန်တော်တို့ ၁၀ နှစ် တစ်ကြိမ် ရေးဆွဲပါတယ်။ အဲဒီတော့ သစ်တောကြိုးဝိုင်းတွေလုပ်ခြင်းအပေါ်မှာ သစ်တောခရိုင်အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအရ အဲဒီကြိုးဝိုင်းထဲမှာ ခုနက ကွင်းဆင်းလေ့လာဆန်းစစ်ချက်အပေါ်မှာ ပထမတစ်ချက်ကတော့ ကျွန်တော်တို့ Satellite Image နဲ့ ကျွန်တော်တို့ဖတ်ပါ တယ်။ ဖတ်ပြီးရင် အဲဒီပေါ်မှာ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ ၂၀၁၀-၂၀၁၁ မှာ investee Team တွေဝင်ပါတယ်။ အဲဒီအပေါ်မှာ နည်းပညာအရ တွက်ချက်ပါတယ်။ တွက်ချက်တဲ့အပင်အရေအတွက်ကို ဖော်ပြထားပါတယ်။ ပြီးတော့မှ အဲ့ဒီအပေါ်မှာမှ အဲဒီကြိုးဝိုင်းအတွင်းမှာ ကျွန်တော်တို့က လုပ်ငန်း Working Cycle ခေါ်တဲ့ အလုပ်တိုက်နယ်မြေဖွဲ့ပါတယ်။ အဲဒီအလုပ်တိုက်နယ်မြေဟာ ခရိုင်အလိုက်ဆွဲထားပြီးသားပါ။ စစ်တွေခရိုင်ဆိုရင် စစ်တွေခရိုင်က ဆွဲရပါတယ်။ စစ်တွေခရိုင်က ကွင်းဆင်းပြီး ဆောင်ရွက်တဲ့ဒီအချက်အလက်ပေါ်မှာ အခြေခံပြီးတော့မှ အဲဒီခရိုင်အတွင်းမှာ ကျွန်တော်တို့က သစ်ထုတ်လုပ်ရေးအလုပ်တိုက်နယ်ရှိတယ်။ ရေဝေလဲအလုပ်တိုက်နယ်ရှိတယ်။ နောက်တစ်ခါ ခုနက ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်ဆိုတာ ဒေသခံကျေးလက်နေပြည်သူတွေအတွက် ထောက်ပံ့ရေးအလုပ်တိုက်နယ်ဖြစ်ပါတယ်။ အဲဒီတော့ နောက်တစ်ခါ ခုနက စိုက်ခင်းအလုပ်တိုက်နယ်။ ဒီလို အလုပ် တိုက်နယ်တွေခွဲရပါတယ်။ အဲဒီအလုပ်တိုက်နယ်တွေဟာ အဲဒီကြိုးဝိုင်းအလိုက်မှာရှိပါတယ်။ သက်ဆိုင်ရာ စစ်တွေခရိုင်က ရေးဆွဲရပါတယ်။ ကျွန်တော်တို့ ရုံးချုပ်က ဆွဲတာမဟုတ်ပါဘူး။ အဲ့ဒီအပေါ်မှာမူတည်ပြီးတော့မှ ခုနက ထိန်းသိမ်းတဲ့လုပ်ငန်းစဥ်တွေကလည်း ခုနက စဥ်ဆက်မပြတ် ကျွန်တော်တို့က အားလုံးပေါင်း တစ်နိုင်ငံလုံးကို လွှမ်းခြုံပြီး ပြည်နယ်နှင့်တိုင်းတွေမှာရှိတဲ့ဟာအားလုံး ဆောင်ရွက်တာဖြစ်ပါတယ်။ ခုနကလို ဒီကြိုးဝိုင်းကြီးကိုပယ်ဖျက်ဖို့၊ မပယ်ဖျက်ဖို့ဆိုတဲ့အပိုင်းကတော့ ဒါကတော့ ကျွန်တော်တို့

သက်ဆိုင်ရာ အသေးစိတ်ကွင်းဆင်းပြီးတော့မှ ကျွန်တော်တို့ပြန်လည်စိစစ်ပြီးတော့မှ ဖြစ်နိုင်ရင်တော့ ကျွန်တော်တို့ကတော့ ကြိုးဝိုင်းတွေပယ်ဖျက်တာလွယ်ပါတယ်။ ကြိုးဝိုင်းတွေပယ်ဖျက်တဲ့ဟာက အခု ကျေးရွာပေါင်းများစွာ တကယ်အကျိုးရှိမယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ပြည်သူတွေရဲ့အကျိုးအလို့ငှာ ကျွန်တော်တို့ဘက်ကတော့ လက်မနှေးဘဲနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးကိုယ်တိုင် လမ်းညွှန်ချက်အပေါ်မှာ ကျွန်တော်တို့ အလေးထားဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီဟာသည် တကယ်တမ်းအားဖြင့် တစ်ဖက်က လူတွေရဲ့အသုံးလိုမှုကို ရှေးရှုသလို လူတွေရဲ့ ရေရှည် သက်ရှိသတ္တဝါတွေရောအားလုံး နောင်သားစဉ်မြေးဆက်ရေရှည်ရပ်တည်နိုင်ဖို့ ပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်တွေကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ဒါလေးက ခုနက တစ်ခုကတော့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပြီးတော့ တစ်ခုကတော့ ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းကျောင်းပြုပြင် ဒါအားလုံးအလေးထားပြီး စဉ်းစားနိုင်ရင်တော့ ဒီကြိုးဝိုင်းတွေရဲ့ တန်ဖိုးသည် စီးပွားရေးအလို့ငှာထက် ဘယ်အထိစဉ်းစားသင့်ပါသလဲဆိုတာကိုတော့ ကျွန်တော်ပြန်လည်တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘက်ပေါင်းစုံကြည့်ပြီးတော့ ပြည်သူအတွက်လည်းအဆင်ပြေအောင်၊ နိုင်ငံအတွက်လည်းအဆင်ပြေအောင်၊ သဘာဝပတ်ဝန်းကျင်အတွက်လည်း အဆင်ပြေအောင် ဆက်လက်ဆောင်ရွက်ဖို့ပဲဖြစ်ပါတယ်။

## ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆက်လက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းထားသော အသင်းအဖွဲ့များမှတ်ပုံတင်ရေးဆိုင်ရာဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ၁၁-၂-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အမှတ်စဉ် ၁ မှ ၄၈ အထိ ဆွေးနွေးအတည်ပြုပြီးဖြစ်ပါတယ်။ ယခုဆွေးနွေးရန်ကျန်ရှိသော ပြင်ဆင်ချက်သုံးချက်ကို ဆက်လက်ဆွေးနွေးသွားပါ့မယ်။ ဒါ့ကြောင့် ကန့်လန့်ဖြတ်ဇယား သီးခြားပြုစုထားတဲ့ ဇယားအတိုင်းသွားပါမယ်။ အမှတ်စဉ် ၄၉ ကို ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းရဲ့ ပြင်ဆင်ရန်ကျန်ရှိတဲ့ မူလဥပဒေကြမ်းရဲ့ အပိုဒ် ၃၄ ပေါ်မှာ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်ကို လွှတ်တော်သို့ တင်ပြမှာဖြစ်ပါတယ်။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပိုဒ်ခွဲ(ခ) ပြည်ထောင်စုအဆင့် မှတ်ပုံတင်ရေးအဖွဲ့နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်မှတ်ပုံတင်ရေးအဖွဲ့တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီရဲ့ သဘောထားပြောပါ။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလားခင်ဗျား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၅၀ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြုချက်တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ မူလဥပဒေကြမ်းရဲ့ အပိုဒ် ၃၅ အား ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်မှာ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေ (၆/၈၈) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သ၍ ဆက်လက်ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်ဟု ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီရဲ့ သဘောထားပြောပါ။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလားခင်ဗျား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၅၁ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ မူလဥပဒေအပိုဒ် ၃၇ အား ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်မှာ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်(၆/၈၈)အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားရှိသော အသင်းအဖွဲ့များသည် ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အသင်းအဖွဲ့များဖြစ်သည်အဖြစ် မှတ်ယူရသည်ဟု ပြင်ဆင်ထားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီရဲ့ သဘောထားပြောပါ။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကန့်ကွက်ပါတယ်။ ဥပဒေတစ်ခုကို ရှင်းရှင်းလင်းလင်းရေးသင့်ပါတယ်။ အရင်မူလပြဋ္ဌာန်းချက်မှာပါတဲ့ ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်ဆိုတာ ဒါအင်မတန်မှ သင့်တော်ပါတယ်။ မှတ်လည်းမှတ်ထားပါတယ်။ အဲ့တော့ ဥပဒေသစ်ပြဋ္ဌာန်းပြီးတော့ မူလဥပဒေကို ကျန်တဲ့ဟာဆိုတော့ ကျွန်တော်တို့ ၇၃ ခုနှစ် စကားရပ်များ ဥပဒေမှာလည်း ဒီဥပဒေတစ်ခု ပြဋ္ဌာန်းပြီးရင် မူလဥပဒေကထုတ်ပြန်ခဲ့တဲ့ အမိန့်တို့ ညွှန်ကြားချက်တို့ လုပ်ထုံးလုပ်နည်းတို့ဟာ ဥပဒေနဲ့မဆန့်ကျင်သ၍ ဆက်လက်ကျင့်သုံးဆောင်ရွက်ခွင့်ရှိတယ်ဆိုတာ ပါပါတယ်။ အခုတော့ အပိုဒ် ၅၁၊ ၃၇ မှာ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်ဆိုတဲ့စကားကို မထည့်

ခြင်းသည် ဥပဒေရေးရာအရ နောက်တစ်နေ့ အကြောင်းကြောင်းကြောင့် ပေါ်ပေါက်လာရင် န.ဝ.တရဲ့ ဥပဒေအမှတ်(၆/၈၈) ဟာ အာဏာသက်ဝင်စေတဲ့သဘော သက်ရောက်နေပါတယ်။ အဲ့ဒါကြောင့် အခုလို ဥပဒေကြမ်းကော်မတီက မူလရုပ်သိမ်းလိုက်သည်ဆိုတဲ့အပိုဒ်ကို မထည့်ခြင်းနဲ့ပတ်သက်၍ ကျွန်တော်ကန့်ကွက်ပါတယ်။ သဘောမတူပါဘူး။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မူလဥပဒေကြမ်းရဲ့ ပြင်ဆင်ခြင်းမပြုဘဲနဲ့ မူလအတိုင်းသဘောတူလက်ခံလာတဲ့ ဥပဒေအပိုဒ် ၃၆ မှာ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်(၆/၈၈)က ဥပဒေနှင့်ရုပ်သိမ်းလိုက်ပြီဆိုတာ ပြဋ္ဌာန်းအတည်ပြုပြီး ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြပြီးနောက်။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)။** ။ ကျွန်တော်တို့ မူလရေးဆွဲထားတဲ့ဥပဒေပုဒ်မ ၃၆ ဖြစ်ပါတယ်။ ၃၆ မှာ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်(၆/၈၈)အား ဤဥပဒေဖြင့် ရုပ်သိမ်း လိုက်ပြီးလို့ပါပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် နောက်တစ်ပိုဒ်ဖြစ်တဲ့ ပုဒ်မ ၃၇ မှာ ဤဥပဒေဖြင့် ရုပ်သိမ်း လိုက်သည်ဆိုတဲ့စာသားဟာ အပိုဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က ပယ်ဖျက်ခဲ့ခြင်း ဖြစ်ပါ တယ်။ ဒီအပိုဒ်ရဲ့ ရည်ရွယ်ချက်ကလည်း ယခင်ကာလတုန်းက မှတ်ပုံတင်ထားတဲ့ အသင်းအဖွဲ့များ သည် ယနေ့ဥပဒေအသစ်ဖြစ်လာတဲ့အခါမှာ မှတ်ပုံပြန်တင်ရမှာစိုးလို့ ယခင်ဥပဒေနဲ့ မှတ်ပုံတင်ပြီး သားအဖွဲ့တွေ ဆက်ပြီးတော့အသက်ဝင်တယ်ဆိုတဲ့သဘောကို ဖော်ပြခြင်းဖြစ်ပါတယ်။ ဥပဒေက အပေါ်ကအပိုဒ်မှာ ရုပ်သိမ်းပြီး ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကောင်းပါပြီ။ မိမိအနေနဲ့တော့ နားလည်ပါတယ်။ ကန့်ကွက်တဲ့ ဦးသိန်းညွန့်ရဲ့ သဘောထားပြောပါ။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။ ၃၇ မှာ ထည့်ဖော်ပြခြင်းအားဖြင့် ပိုပြီးရှင်းလင်း ပြီးတော့ တိကျတဲ့အတွက် ကျွန်တော်ကတော့ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်ဆိုတဲ့ဟာကို ခုနက ပုဒ်မ ၃၈ မှာ ထပ်မံထည့်သွင်းခြင်းအားဖြင့် ပိုပြီးတော့ ပြီးပြည့်စုံတယ်လို့ ယူဆပါတယ်။

**ဥက္ကဋ္ဌ။** ။ ကောင်းပါပြီ။ ကျွန်တော်နားလည်သလို သဘောပေါက်သလို လွှတ်တော်ကို တင်ပြပါမယ်။ အထူးသဖြင့် ဦးသိန်းညွန့်ကို ရည်ရွယ်ပါတယ်။ အခု အမှတ်စဉ် ၅၁ မှာ မူလပြည်သူ့

**မူကြမ်း**

ရေးရာစီမံခန့်ခွဲရေးကော်မတီက တင်ပြထားတဲ့ အပိုဒ် ၃၇ ကို ပြင်ဆင်ပြီးတော့ အပိုဒ် ၃၈ အဖြစ် ဖော်ပြထားပါတယ်။ စာမှာရေးသားထားတာက အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်(၆/၈၈) အရ မှတ်ပုံတင်၍ ဖွဲ့စည်း ထားရှိသော အသင်းအဖွဲ့များသည် ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အသင်းအဖွဲ့များအဖြစ် မှတ်ယူရမည် ဒီလိုပြဋ္ဌာန်းခြင်းသည် ပြီးခဲ့သော န.ဝ.တ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥပဒေအမှတ်(၆/၈၈)အရ ဖွဲ့စည်းပေးထားခဲ့သော အသင်းအဖွဲ့များသည်လည်း ဤဥပဒေနဲ့ အကျုံးဝင်တယ်၊ ဤဥပဒေနှင့် အညီဖွဲ့စည်းထားတဲ့အသင်းများဖြစ်သည်ဟု မှတ်ယူရမည်ဆိုခြင်းသည် အရင်ဖွဲ့စည်းထားသောအသင်းအဖွဲ့များရဲ့ အကျိုးစီးပွား ထပ်မံမရှုပ်ထွေးအောင်ဖော်ပြခြင်းဖြစ်တယ် လို့ ယူဆပါတယ်။ ဒါလွှတ်တော်ကိုလည်းတင်ပြသလို အထူးသဖြင့်တော့ ကန့်ကွက်တဲ့ ဦးသိန်းညွန့်ကို ကျွန်တော်ရှင်းလင်းပြခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် ကိုကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြု ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါ့ကြောင့် အခန်း (၉) အပိုဒ် ၃၄ အပိုဒ်ခွဲ(က)နှင့် (ခ) သည် မူလပြဋ္ဌာန်းချက်အတိုင်း ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီလိုဆောင်ရွက်ရာမှာ ပြင်ဆင်ချက်များ ကြောင့်ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းတစ်ရပ် လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းကို ၁၁-၂-၂၀၁၄ ရက်နေ့မှာ အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(က)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တနင်္လာနေ့ ၁၀၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**မူကြမ်း**

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၂း၁၅ အချိန်နာရီတွင် ရပ်နားပါသည်။ ]